# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily



**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၇)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum "Connecting our Future: Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြား




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum "Connecting our Future: Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

**ဗန်ကောက် ဇွန် ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ACMECS CEO Forum "Connecting our Future:Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေသမ္မတနိုင်ငံ၊ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ပြည်ထောင်စု၊ အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ၊ အာရှရေးရာအကြီးတန်းညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေသမ္မတနိုင်ငံ သမ္မတဟောင်း နိုဘယ်ဆုရှင် ဝါရင့်ဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိုဆေးရာမိုစ်ဟော်တာ အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တီမောလက်စ်တေသမ္မတနိုင်ငံ သမ္မတဟောင်း နိုဘယ်ဆုရှင် ဝါရင့်ဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိုဆေးရာမိုစ်ဟော်တာအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ●



# မြန်မာ့အာမခံလုပ်ငန်း နှစ်ပေါင်း ၆၆ နှစ်တာကာလအတွင်း နိုင်ငံတကာဆု နှစ်ဆုဆွတ်ခူး

**ရန်ကုန် ဇွန် ၁၅**

အများပြည်သူတို့အား အကောင်းဆုံး အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အာမခံလုပ်ငန်းသည် နှစ်ပေါင်း ၆၆ နှစ်တာကာလအတွင်း နိုင်ငံတကာဆုနှစ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် မေ ၂၈ ရက်နေ့မှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပတဲ့ Emerging Asia Insurance Awards 2018 ဆုချီးမြှင့်ပွဲမှာ ကျွန်တော်တို့ မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ The Best Service Provider in Life Insurance ဆုနှင့် The Best Service Provider in General Insurance ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်၊ ဒါဟာ ၆၆ နှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းက ပထမဆုံးဆွတ်ခူး ရရှိခဲ့တာဖြစ်ပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း

*စာမျက်နှာ ၃ ကော်လံ ၅* ▲




မြန်မာ့အလင်း

# ပြည်သူတွေရဲ့ အသံတွေကြားမှာ

ငြိမ်းချမ်းရေးကိုအကြောင်းပြု ပြောဆိုဆွေးနွေးကြသော ပြည်သူ့စကားဝိုင်းများကတစ်ဆင့် ပြည်သူတို့၏ ရင်တွင်းကထွက်ပေါ်လာသည့် အသံများ၊ ဆန္ဒများနှင့် သဘောထားအယူအဆများကို ကြားနာခွင့် ရလိုက်သည်။

သွေးချင်းညီအစ်ကို တိုင်းရင်းသားတို့၏ ခံစားချက်များ၊ ကျေးလက်တောရွာများက ပြည်သူတို့ လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲများ၊ ပြည်သူတို့ကြားမှာ နားမလည်နိုင် ဖြစ်နေရသည့် အမျိုးသားရေးမူဝါဒ၊ စီမံကိန်းတို့နှင့် ပတ်သက်သော မေးခွန်းများ စသည်တို့သည် ဒေသတစ်ခုလုံးမှသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လာနေသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်နယ်ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ၁၄ ဇွန် ၂၀၁၈ နံနက်ခင်းက မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပစဉ်က ထွက်ပေါ်လာသော အသံများဖြစ်၏။

ဆွေးနွေးကြသည်တို့ထဲ မှတ်မှတ်သားသားဖြစ်ရသည်မှာ နိုင်ငံတစ်ခု၏ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲဖို့ဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်နေသည်ဆိုတာကို မီးမောင်းထိုးပြောပြသွားခြင်း ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိပါမှ နိုင်ငံသားတို့၏ ဘဝများမှာ စိတ်ပိုင်း ရုပ်ပိုင်း လုံခြုံမှုရှိမှာ ဖြစ်သည်။

အပြန်အလှန်ဆိုသလို ငြိမ်းချမ်းရေးမရှိသည့်အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တည်တည်ငြိမ်ငြိမ်နှင့် အားသွန်ခွန်စိုက် မလုပ်နိုင်ဖြစ်ကြရပြန်သည်။ ငြိမ်းချမ်းရေးမရှိဘဲ စစ်ပွဲများကြားမှာ နေရသည့် ကျေးလက်ဒေသများမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လွယ်ကူအောင် မတည်ဆောက်နိုင်။ ဒေသခံပြည်သူတို့၏ ပညာရေးအဆင့်မြင့်မားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ ကောင်းမွန်ရေးစသည်တို့ကို တည်ဆောက်ရန်မလွယ်ကူ၊ စွမ်းအင်လျှပ်စစ်မီးလုံလောက်အောင် မဆက်သွယ် မဖြန့်ဖြူးနိုင် စသည့် ကရွတ်ကင်းလျှောက်ပြဿနာများကို တွေ့ရပါမည်။

ဤသည်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်နေသည်။ သည်လိုထဲမှာ ဒေသခံကလေးငယ်နှင့် လူငယ်တို့အတွက် ခိုင်မာအားကောင်းသည့် ပညာရေးစနစ် တည်ဆောက်မပေးနိုင်သည့်အခါ အနာဂတ်မျှော်မှန်းချက်က ကင်းမဲ့သကဲ့သို့ ဖြစ်လာပြီး မူးယစ်ဆေးဝါးသုံးစွဲမှု ဖြန့်ဖြူးရောင်းချမှုတို့ ရောယှက်လာတော့သည်။

ပညာရေးဆိုရာ၌လည်း ဘွဲ့ရပညာတတ်ကြီးတွေ အများကြီးပေါ်ထွန်းရေး သက်သက်မဟုတ်ဘဲ ပြင်ပလက်တွေ့လုပ်ငန်းများမှာ ဝင်ရောက်လုပ်ကိုင်နိုင်မည့် အလုပ်နှင့် ယှဉ်တွဲလုပ်ဆောင်နိုင်သည့် လုပ်ငန်းအတတ်ပညာများကို သင်ကြားနိုင်မည့် သင်တန်းအများအပြားပေါ်ပေါက်ရေးတို့ လိုအပ်ကြောင်းကိုလည်း ဆွေးနွေးကြသည်။

ဆွေးနွေးကြသည်များက ဆင်းရဲတွင်းက လွတ်မြောက်ရေး၊ လက်ငင်း စားဝတ်နေရေးချောင်လည်ရေးမှစ၍ အနာဂတ် တိုးတက်ဖွံ့ဖြိုးရေးအထိ ဖြေရှင်းရမည့် စိန်ခေါ်မှု အမြောက်အမြားဖြစ်၏။

ဤသည်တို့၏ အခြေခံဖြစ်သည့် စစ်ပွဲများရပ်စဲနိုင်ရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားလူမျိုးစုအားလုံးတို့အကြား တန်းတူညီမျှရေး စသည့် ရည်မှန်းချက်များ၏ အခရာဖြစ်သော ငြိမ်းချမ်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် လုပ်ငန်းစဉ်က အားလုံး၏ အသက်တမျှအရေးကြီးနေပြီ ဖြစ်သည်။

ယနေ့ လိုအပ်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရန်မှာ နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်ထားသူများအားလုံး ရင့်ရင့်ကျက်ကျက်နှင့် လူကြီးလူကောင်းတို့၏ စကားဝိုင်းများ ဖော်ဆောင်ကာ ဆွေးနွေးညှိနှိုင်းကြရန်သာ ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# ၂၀၁၈ ခုနှစ်(ဧပြီလမှ မေလထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅၇၆၁ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၈၁၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် ဇွန် ၁၅**

၂၀၁၈ ခုနှစ်(ဧပြီလမှမေလထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၇၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၈၃ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၅၇၆၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မေလထိ) တွင် ပြည်ပပို့ကုန် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၇၀ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၇၆ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၉၄၆ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၄၀၈ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၄၀၇ ဒေါ်လာသန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၈၁၅ ပိုမို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက် တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈(ဧပြီလမှ မေလအထိ | ၂၀၁၇-၂၀၁၈(ဧပြီလမှ မေလအထိ | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၅၀၇.၁၅၄ | ၅၈၃.၂၄၃ | ၇၆.၀၈၉ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၄၁.၈၉၁ | ၂.၁၁၃ | ၃၉.၇၇၈ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၁၄.၆၂၇ | ၈၈.၅၂၆ | ၂၆.၁၀၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၂၀၈.၃၀၉ | ၁၄၈.၉၄၃ | ၅၉.၃၆၆ |
| ၅ | သစ်တောထွက်ပစ္စည်း | ၃၀.၅၁၁ | ၄၂.၈၅၂ | ၁၂.၃၄၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၁၉၈.၁၄၇ | ၈၂၃.၉၄၆ | ၃၇၄.၂၀၁ |
| ၇ | အခြားပစ္စည်းများ | ၂၇၇.၁၈၇ | ၂၈၀.၇၃၀ | ၃.၅၄၃ |
| | **စုစုပေါင်း** | **၂၃၇၇.၈၂၆** | **၁၉၇၀.၃၅၃** | **၄၀၇.၄၇၃** |

ပြည်ပမှ သွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ မေလထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၈၃ သန်းရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၇၆ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၇ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈(ဧပြီလမှ မေလအထိ | ၂၀၁၇-၂၀၁၈(ဧပြီလမှ မေလအထိ | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၂၅၄.၅၈၉ | ၁၀၇၅.၅၅၇ | ၁၇၉.၀၃၂ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၃၉၉.၅၈၉ | ၁၁၇၉.၆၂၁ | ၂၁၉.၉၆၈ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၇၂၈.၅၃၀ | ၇၂၀.၆၅၅ | ၇.၈၇၅ |
| | **စုစုပေါင်း** | **၃၃၈၂.၇၀၈** | **၂၉၇၅.၈၃၃** | **၄၀၆.၈၇၅** |

**သတင်းစဉ်**

## ဖျာပုံတွင် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ရွေ့လျားစာကြည့်တိုက် ၁၇ ခု ဖွင့်လှစ်ထား

**ဖျာပုံ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သည် စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ဇွန် ၁၃ ရက်က ရွေ့လျားစာကြည့်တိုက် ၁၇ ခု ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ကျောင်းစာကြည့်တိုက် မရှိတဲ့ကျောင်းတွေ၊ စာကြည့်တိုက်ကို စာလာဖတ်ဖို့ဝေးတဲ့ ကျောင်းတွေကို အဓိကထားရွေးပါတယ်၊ နောက်ထပ်ကျောင်းတွေကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဆရာဇော်ဂျီ စာကြည့်တိုက်မှ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ပြောသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ မြို့နယ်အတွင်းရှိ တင်ပုလ္လဲ ချောင်း၀ အမက၊ ကနိ အထက၊ သမိန်ထော သိမ်ကုန်း ၁ အမက၊ သမိန်ထော အထက၊ သမိန်ထောကုန်းတန်း အလကခွဲ၊ အခြာကြီး အလကခွဲ၊ မော်ဘီ အလကခွဲ၊ သမိဒ္ဓေါဒယ သီလရှင်သင်ပညာရေးကျောင်း၊ အလက ၂၊ အမက လိပ်ဥကုန်း၊ အလကခွဲ (၁၇ရပ်ကွက်)၊ စံပြ အမက၊ တောင်ပိုင်း အမက၊ ကျုံကူကျေးရွာ အမက၊ ပညာဒီပ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဖျာပုံတမံကျေးရွာ အထကတို့အပြင် ဖျာပုံအကျဉ်းထောင်တွင်လည်း ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဆရာဇော်ဂျီစာကြည့်တိုက်၏ ရွေ့လျားစာကြည့်တိုက် တစ်တိုက်လျှင် ကလေးဖတ်စာအုပ်ရေ ၁၀၀ (ကာလတန်ဖိုး ငွေကျပ် တစ်သိန်းငါးသောင်း)ပါရှိပြီး တစ်လလျှင် တစ်ကြိမ် စာအုပ်များ လဲလှယ်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကမ်းလွန်ရေနံလုပ်ကွက်တူးဖော်ခြင်းအတွက် ဒေသခံများနှင့် တွေ့ဆုံ

**ထားဝယ် ဇွန် ၁၅**

ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M12-M13-M14 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လူထုတွေ့ဆုံပွဲကို ဇွန် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆိပ်ကမ်းသာ ၂ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE မှ တာဝန်ခံ ဦးနေအောင်က ဒေသခံလူမှုအဖွဲ့အစည်းများကို စီမံကိန်းအား ရှင်းလင်းတင်ပြရန်နှင့် စီမံကိန်းနှင့်ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးခွန်းများမေးရန်နှင့် ဝေဖန်ချက်များပေးရန်လိုကြောင်း၊ မေးမြန်းသည့် မေးခွန်းများအား အလေးအနက် စဉ်းစားပြီး စီမံကိန်းအကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးနေအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

*ထင်သာမြင်သာပြုပြင်စရာ*

## ဟင်္သာတမြို့နယ် နိဗ္ဗာန်-အင်္ဂပိုကျေးရွာလမ်း အမြန်ဆုံးအပြီးသတ်စေချင်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ နိဗ္ဗာန်-အင်္ဂပိုလမ်းမကြီးသည် နိဗ္ဗာန်ကျေးရွာမှ အင်္ဂပိုရွာအထိ ကျေးရွာများကိုဖြတ်၍ ဖောက်လုပ်ထားသော ခြောက်မိုင် တစ်ဖာလုံခန့် ရှည်သည့် ကျောက်ခင်းလမ်းဟောင်းတစ်ခုဖြစ်ကာ ကျေးရွာပေါင်း ၅၀ ကျော်မှီခိုအားပြုနေကြရသည့် လမ်းမကြီးတစ်ခု ဖြစ်သည်။



ထိုလမ်းမကြီးသည် လက်ရှိကျေးရွာနေ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများက မလွှဲမရှောင်သာအသုံးပြုနေကြရပြီး နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းနေခြင်း ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်အရ ထိုလမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးခဲ့သော်လည်း ခြောက်မိုင် တစ်ဖာလုံ အရှည်ရှိသော လမ်းမကြီးမှာ လေးဖာလုံခန့်သာ လုပ်ငန်းများပြီးစီး၍ ကျန်ငါးမိုင် ငါးဖာလုံခန့်မှာ လုပ်ငန်းများ ရပ်ဆိုင်းလျက်ရှိနေသည်။

ထိုလမ်းမကြီးသည် ဟင်္သာတမြို့နယ်အတွင်းရှိနေကျေးရွာအုပ်စုနေ ဒေသခံပြည်သူများ အမှန်တကယ်အားကိုးအားထားပြုနေရသည့် လမ်းမကြီးတစ်ခုဖြစ်သဖြင့် လမ်းခင်းမှုလုပ်ငန်းများ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိနေကြကြောင်း သိရသည်။ **ဒေသခံတစ်ဦး**



● *ရှေ့ဖုံးမှ*

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ၊ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

## လက်ခံတွေ့ဆုံ

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ၊ အာရှရေးရာအကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင် အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

▲ *ရှေ့ဖုံးမှ*

အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အာမခံရုံးချုပ်၌ မီဒီယာအချို့နှင့်တွေ့ဆုံစဉ်ပြောကြားသည်။ Indian Chamber of Commerce (ICC)နှင့် Insurance Institute of India နှင့် India -Thai Chamber of Commerce အဖွဲ့အစည်း သုံးခုပူးပေါင်း၍ အဆိုပါ Emerging Asia Insurance Awards 2018 ကိုကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ပါဝင်ယှဉ်ပြိုင်ကြရာမှ မြန်မာနိုင်ငံက အကောင်းဆုံးဆုနှစ်ခု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဦးခင်မောင်ဝင်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံက အဆိုပါဆုချီးမြှင့်ရေးအဖွဲ့သို့ အသက်အာမခံနှင့် အထွေထွေအာမခံ နှစ်မျိုးသာ ယှဉ်ပြိုင်ခဲ့ပြီး နှစ်မျိုးစလုံး ဆုချီးမြှင့်ခြင်းခံရခြင်းဖြစ်ကြောင်း၊ ယင်းနိုင်ငံများရှိ အာမခံကုမ္ပဏီအသီးသီးကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ မြန်မာ့အာမခံ လုပ်ငန်းအနေဖြင့် အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းတို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အကောင်းဆုံးဆုများဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့အာမခံလုပ်ငန်းသည် နှစ်ပေါင်း ၆၆ နှစ်ရှိ အတွေ့အကြုံရင့်ကျက်သော အာမခံလုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၅၆ ဘီလီယံ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၆၁ ဘီလီယံကျော် ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် အသက်အာမခံ၊ မီးအာမခံတို့အပါအဝင် အာမခံအမျိုးအစားပေါင်း ၂၉ မျိုးဖြင့် ပြည်သူများအား အာမခံဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ မြင့်မောင်စိုး**

## နေရာ ကွက်ကျားမိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဆွေးနွေး

**နေပြည်တော် ဇွန် ၁၅** နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းစံပြကျေးရွာ၌ ဇွန် ၁၄ ရက်က ယခုနှစ်မိုးစပါးရာသီတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်က စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ခင်စန်းဦးက GAP စိုက်နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ စိုက်ပျိုးရေးဝန်ထမ်းများက ဖြေကြားခဲ့သည်။ **မောင်ကျော်ကြီး**

❒ ရှေ့စုံးမှ

အဆိုပါ ဖိုရမ်ဖွင့်ပွဲသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီး များ၊ ACMECS အဖွဲ့ဝင်များ၊ နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း) က မိန့်ခွန်းပြောကြားသည်။

**အရေးပါသည့်အခန်းကဏ္ဍမှပါဝင်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ACMECS အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်း နိုင်ငံများအချင်းချင်းအကြားတွင်သာမက ဒေသအပြင်ဘက်ရှိ အခြားသောနိုင်ငံများနှင့် ချိတ်ဆက်မှုများကို တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း။

သက်တမ်း ၁၅ နှစ်ရှိခဲ့ပြီ ဖြစ်သည့် ACMECS ပူးပေါင်းဆောင်ရွက်မှုသည်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum "Connecting our Future: Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်တို့ ACMECS CEO Forum ဖွင့်ပွဲတက်ရောက်လာသည့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum သို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့် အဓိကနယ်ပယ်(၈)ခုကို အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခုအခါ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းသွားမည့် ACMECS ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်အရ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ငွေကြေးဆိုင်ရာ အဖွဲ့ အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**သမိုင်းမှတ်တိုင်တစ်ခု**

ACMECS CEO Forum သည် အက်ခ်မက်စ်ပင်မစီမံကိန်း (ACMECS Master Plan) ၏ ကနဦး စတင်တည်ထောင်မှု၊ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့အတွက် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခု CEO Forum ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ အက်ခ်မက်စ်နိုင်ငံများ၏ အစိုးရ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတွင်း တစ်ခုလုံးဖွံ့ဖြိုးတိုးတက်မှုများကိုပါ ဖန်တီးပေးနိုင်ပါကြောင်း။

**ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး**

မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ပြီး ဗဟိုချုပ်ကိုင်မှု စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလျက် ရှိပါကြောင်း၊ ထိုသို့ပြောင်းလဲကျင့်သုံးရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာ အခွင့်အလမ်းများ ရရှိစေရေးအတွက် ဥပဒေ၊ မူဝါဒများလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် ပုဂ္ဂလိကကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် နယ်ပယ်အသီးသီးတွင် အပြည့်အဝအထောက်အကူပြုသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အင်အားတစ်ခုဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံရေး ကတိကဝတ်တစ်ခုတည်းဖြင့် အောင်မြင်အောင် ဆောင်ရွက်၍ မရနိုင်ဘဲ ဒေသတွင်း၌ နားလည်မှုရှိရှိ အတူယှဉ်တွဲနေထိုင်ရေးက ပိုမိုအရေးပါကြောင်း၊ မဟာမဲခေါင်ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများအနေဖြင့် သမိုင်းပေးအမွေအနှစ်များကို အခြေပြု၍ ရည်မှန်းချက် ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ဝန်းကျင်ကို ထိထိရောက်ရောက် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က မိန့်ခွန်းပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် ACMECS CEO Forum ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် ACMECS CEO Forum သို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဘုရင့်စီမံကိန်းစိုက်ပျိုးရေးပြတိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ချိုချိုတို့သည် ပထုမ်ဌာနီခရိုင်ရှိ Mado Pavillion ဘုရင့်စီမံကိန်း စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိပြီး စိုက်ပျိုးရေးထုတ်ကုန် ပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။

**စိုက်ပျိုးထုတ်လုပ်ရောင်းချ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြတိုက်၌ ကျေးလက်ဒေသနေပြည်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိရေး၊ စွန့်ပစ်ပစ္စည်းများမှ လောင်စာဆီထုတ်လုပ်ရေး၊ စိုက်ပျိုးရေးသုတေသန လုပ်ငန်းများ အောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်မှု Father Footstep video presentation ကို ကြည့်ရှုပြီး ပြတိုက်အတွင်းပြသထားသည့် ထိုင်းရိုးရာ စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

**ညစာစားပွဲတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် (၈)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**




ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို Mado Pavillion ဘုရင့်စီမံကိန်း စိုက်ပျိုးရေးပြတိုက်ရှိ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုစဉ်။ သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးတွင် လွှတ်တော်၏ပါဝင်မှု အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

---

❖ *ကျောဖုံးမှ*

လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်မှုအရှိဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာ့နိုင်ငံ အတော်များများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေ ၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၈)ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်ကြီး ၁၁ ရပ်ကို ချမှတ်ခဲ့ပါကြောင်း။

### ကော်မတီ၏ လုပ်ငန်းတာဝန် ၁၁ ရပ်

ယင်းကော်မတီ၏ လုပ်ငန်းတာဝန် ၁၁ ရပ်မှာ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား လေ့လာဆန်းစစ်ခြင်းနှင့် ဌာနအသီးသီးတို့မှ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများအား ချမှတ်ဆောင်ရွက်ရန်၊ ကုလသမဂ္ဂအပါအဝင် INGO၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လိုအပ်သောနည်းပညာနှင့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ဒေသအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များအား ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်၊ အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသည့် အသက်အရွယ်အပိုင်းအခြားအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူ များနှင့် အခြားအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေတွင်ရှိသူများ အပါအဝင် အလွှာပေါင်းစုံနှင့် ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအပေါ် အခြေခံသောစောင့်ရှောက်မှု၊ ပံ့ပိုးမှုစနစ်တစ်ရပ် ပေါ်ပေါက်စေရေးဆောင်ရွက်ရန်၊ နိုင်ငံသားအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဝင်ငွေအာမခံချက်နှင့် အလုပ်အကိုင်အာမခံချက် ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊ အလုံးစုံလွှမ်းခြုံနိုင်သော အာမခံစနစ်များ ထူထောင်ခြင်းဖြင့် အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေးများကိုမြှင့်တင်ရန်၊ ဘေးအန္တရာယ်တစ်ခုခုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်၊ အမျိုးသားကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းရန်တို့ဖြစ်ပါကြောင်း။

### အစီအစဉ်ကို ရေးဆွဲထားပြီးဖြစ်

မိမိတို့နိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် **ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်**ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လည်းကောင်း၊ **လူမှုရေးပင်စင်အစီအစဉ်**ကို တစ်နိုင်ငံလုံးတွင် လည်းကောင်း၊ **ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်**ကို ရွေးချယ်ထားသည့် မြို့နယ် ၃၇ ခုတွင် လည်းကောင်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လာမည့် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်မှ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွက် ကာလလတ် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် ၁၁ ချက်အပေါ် အခြေခံပြီး လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများအား တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှင်းလင်းဆွေးနွေးပေးသွားရန်နှင့် ကော်မတီဝင်များအနေဖြင့်လည်း ရှေ့ဆက်ဆောင်ရွက်သွားရမည့်အကြောင်းအရာများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြစေလိုပါကြောင်း။

### သတိထားဆောင်ရွက်သွားရမည်ဖြစ်

ထိုသို့ဆွေးနွေးရာတွင်လည်း ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အချက်လေးချက်ကို အဓိကထားပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် **“နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ဦးစားပေးသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး”**အပိုင်း ဖြစ်ပါကြောင်း၊ မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများသည် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တို့နှင့် ကိုက်ညီသည့် အကောင်အထည်ဖော်မှုမျိုးဖြစ်ရန် သတိထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

### ရန်ပုံငွေရရှိရေးအတွက် အထောက်အကူပြုနိုင်

ဒုတိယအချက်မှာ **“ရန်ပုံငွေရရှိရေးဆောင်ရွက်ခြင်းနှင့် ရေရှည်တွင် အကုန်အကျခံနိုင်ခြင်း”**ဖြစ်ပါကြောင်း၊ ယင်းနှစ်ချက်သည် ဆက်စပ်စဉ်းစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိရေးအပိုင်းတွင် နိုင်ငံတော်ရန်ပုံငွေမှ ကျခံသုံးစွဲသွားနိုင်သော်လည်း အကန့်အသတ်ရှိသည့်အတွက်ကြောင့် အခြားသော အရင်းအမြစ်များဖြစ်သည့် ထောက်ပံ့ငွေနှင့် အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့်လည်း ဆောင်ရွက်သွားသင့်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရခြင်းသည် အခြားသော ရုပ်ဝတ္ထုများအပေါ်တွင် ရင်းနှီးမြှုပ်နှံသကဲ့သို့ နေ့ချင်းညချင်း ကိုင်တွယ်ပြရန်ခက်ခဲသော်လည်း ဆင်းရဲမှုနှင့် ချမ်းသာမှုအကြား ကွာဟချက်ကျဉ်းမြောင်းလာခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ မြင့်မားလာခြင်း၊ ကလေးသူငယ်များ၏ ပညာရည် မြင့်မားလာခြင်း စသည့်ရလဒ်များရရှိလာမှုကို သက်သေပြနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံသင့်သည့် ကဏ္ဍတစ်ခုဖြစ်သည့်အကြောင်း သက်သေပြနိုင်ပြီး ရန်ပုံငွေရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

တတိယအချက်ဖြစ်သည့် **“စနစ်တည်ဆောက်ခြင်း”**ကို အကောင်အထည်ဖော်သည့်အခါတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် **“အကောင်အထည်ဖော်ရေးစနစ်”**တစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းစနစ်ထဲတွင် **“စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်စနစ်”**နှင့် **“ငွေကြေးထောက်ပံ့သည့်စနစ်”**တို့လည်း ပါဝင်ရမည် ဖြစ်ပါကြောင်း။

**“စတုတ္ထအချက်ဖြစ်သည့် ပေါင်းစပ်ညှိနှိုင်းခြင်းအပိုင်း”**နှင့် ပတ်သက်ပြီး အစိုးရဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းနိုင်ရန် မိမိတို့ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အစိုးရဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းရေးနှင့်ပတ်သက်ပြီး **“လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ရှိပါကြောင်း”**၊ အဆိုပါအဖွဲ့နှစ်ဖွဲ့ကို အသုံးပြုပြီး ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းရေးကို တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ပေါင်းစပ်ညှိနှိုင်းရေး တည်ဆောက်ရာတွင်လည်း သတင်းအချက်အလက်စီးဆင်းမှု၊ ပေါင်းစပ်ညှိနှိုင်းသည့် လုပ်ငန်းစဉ်နှင့် ပုံမှန်တွေ့ဆုံမှုစသည်တို့ကို အစီအစဉ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်ထားသည့်လုပ်ငန်းတာဝန် ၁၁ ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိပြီးသား အခြေအနေများအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ အလုံးစုံလွှမ်းခြုံနိုင်သော ကျန်းမာရေးအာမခံစနစ်၊ စိုက်ပျိုးရေးအာမခံစနစ် အပါအဝင် အာမခံစနစ်များ ထူထောင်ခြင်းနှင့် အလုပ်သမားများ၊ လယ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

### ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြဆွေးနွေး

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်၊ လူမှုရေးပင်စင်အစီအစဉ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအစီအစဉ်တို့ကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၏ ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးတင်မြင့်၊ ဒေါ်ခင်စန်းဦးနှင့် ဦးကျော်ငွေတို့က လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၁၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံတပ်မတော် အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည့်အခြေအနေ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံမှုရှိရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အခြေအနေများအပေါ် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေမှုများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား မဟာဗျူဟာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု၊ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ ဆေးပညာများ အပြန်အလှန် ဖလှယ်ရေးနှင့် အားကစားကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (**ယာပုံ**)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခု ရွေးကောက်ပွဲကော်မရှင်အား ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့မှု၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲများအောင်မြင်ရေးအတွက် NGO၊ INGO နှင့် CSO များမှ ပံ့ပိုးကူညီဆောင်ရွက်မှု၊ UNDP မှ ပံ့ပိုးကူညီမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1)၌ လက်ခံတွေ့ဆုံသည်။ (**အပေါ်ပုံ**)

ထိုသို့ တွေ့ဆုံစဉ် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ နက်နဲသိမ်မွေ့မှု၊ ဘက်မျှစွာ စဉ်းစားဆောင်ရွက်ရန်လိုမှု၊ သမိုင်းကြောင်းနှင့် ဒေသခံမြန်မာနိုင်ငံသားများ၏ သဘောသဘာဝ အခြေအနေအရပ်ရပ်အပေါ် သိနားလည်ရန်လိုအပ်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အမေရိကန်ပြည်ထောင်စု၊ အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အမေရိကန်ပြည်ထောင်စု၊ အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ၊ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (**အောက်ပုံ**)

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်အရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယနေ့ အစည်းအဝေးတွင် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့သော ချင်း-ဗမာချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ် ကျောက်တိုင်နှင့်အထိမ်းအမှတ်နေ့အား ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ချင်း-ဗမာ ချစ်ကြည်ရေးကျောက်တိုင်စိုက်ခဲ့သည့်နေရာသည် ၁၉၄၇ ခုနှစ် မတ် ၄ ရက်နှင့် ၅ ရက်တွင် ဒီးဒုတ်ဦးဘချိုနှင့် တောင်ပိုင်းချင်း ဦးဝမ္မသူးမောင်း၊ မြောက်ပိုင်းချင်း ဦးဟွေးတို့ ဦးဆောင်၍ ချင်း-ဗမာ ချစ်ကြည်ရေးညီလာခံကျင်းပပြီး အထိမ်းအမှတ်ဖြစ် ထီးလင်း-ပေါက်ကားလမ်းဘေး မြို့ဝင်ထိပ် ယခုလမ်းဦးစီးဌာနရုံးအတွင်း ရန်ကုန်မြို့မှ ပန်းချီ ဆရာ ၂ ဦးလက်ရာဖြင့် ကတ္တူစက္ကူနှင့် ချင်း-ဗမာ ချစ်ကြည်ရေး ယာယီကျောက်တိုင် စိုက်ထူခဲ့သည့်နေရာဖြစ်သည်ကို မှတ်တမ်းဓာတ်ပုံများအရ သိရှိရပါကြောင်း။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချင်း-ဗမာ ချစ်ကြည်ရေးကျောက်တိုင်နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချက်များကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြချက်များအရ ထီးလင်းမြို့နယ် ချင်း-ဗမာချစ်ကြည်ရေးညီလာခံအထိမ်းအမှတ်ကျောက်တိုင်နှင့် အထိမ်းအမှတ်နေ့ကို မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ချင်း-ဗမာ ချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ်ကျောက်တိုင်နှင့် အထိမ်းအမှတ်နေ့အား သတ်မှတ်နိုင်ရေးအတွက် အစီအစဉ်မရှိပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

## ကျောက်ဖြူမြို့နယ် သန်ပန်ချောင်း ရပ်ကွက် မြစ်ကမ်းနားရှိ မြေငှားဂရန်ရရှိသည့်နေရာတွင် ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုး ကာရံသူအား ပြည်နယ်စည်ပင် သာယာရေး ဥပဒေနှင့်အညီ အရေးယူပြီးဖြစ်

ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၌ ဆိပ်ကမ်းမြေအဖြစ် အသုံးပြုရန် လျာထားသည့် မြေများ၌ ကျူးကျော်အဆောက်အအုံများ ဆောက်လုပ်ထားသူတို့ကို အရေးယူရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ၃၁-၃-၂၀၁၇ ရက်စွဲပါ စာအမှတ် (၃၉၃)/၄/၈-၂ (စီးပွား/စိုက်မွေး) အဖရ (ရခိုင်)ဖြင့် ထုတ်ပြန်ထားချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက မည်ကဲ့သို့ အရေးယူဆောင်ရွက်နေကြပါသနည်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဥပဒေချိုးဖောက်သူများကို အရေးယူရန်ညွှန်ကြားထားပါလျက် ခြံစည်းရိုးကာခြင်း၊ အဆောက်အအုံဆောက်လုပ်နေခြင်းတို့ကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်နေကြသည်ကို သက်ဆိုင်ရာတာဝန်ရှိသူတို့က မည်ကဲ့သို့အရေးယူဆောင်ရွက်ကြမည်** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက် ကမ်းနားလမ်းအမှတ်(၃)ဆိပ်ခံတံတားနှင့် သမဝါယမဆိုင်ဟောင်းကြားရှိ ဂရန်ချထားသည့် မြေကွက် ၅ ကွက်နှင့် ဦးတင်မောင်ဆွေနှင့် ဒေါ်သိန်းဟန်+ဒေါ်မြကေသွယ်တို့ မြေကွက်နှစ်ကွက်သည် ကာယကံရှင်များ၏ ဆန္ဒအရ ပြန်လည်အပ်နှံလာပါသဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဂရန်အား ပယ်ဖျက်ပြီး အစိုးရမြေအဖြစ် ပြန်လည်မှတ်တမ်းတင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ကျန်မြေကွက် ၃ ကွက်ဖြစ်သည့် ဒေါ်စိုးစိုးသက်၊ ဒေါ်မြနုမြေကွက် ၂ ကွက်အား ကျောက်ဖြူမြို့အစိုးရရပ်ကွက်နေ ဦးတင်အောင်စိုးက လည်းကောင်း၊ ဒေါ်မာမာသန်း၏ မြေကွက် ၁ ကွက်အား ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်နေ ဦးဇော်ဝင်းဌေးက လည်းကောင်း အသီးသီးပြန်လည်ဝယ်ယူထားရှိပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ အဆိုပါ မြေကွက် ၃ ကွက်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ထုတ်ပေးထားသော မြေကွက်များဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ဦးတင်အောင်စိုးနှင့် ဦးဇော်ဝင်းဌေးတို့ ဝယ်ယူထားရှိသည့် ဂရန်မြေကွက်သည် အဆောက်အအုံများ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်နေခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ၂၀၁၇ ခုနှစ် မတ် ၃၀ရက်တွင် ယာယီတားမြစ်မိန့်ထုတ်ပြန်ပြီး မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ထားရှိမှုအပေါ် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ကျောက်ဖြူမြို့နယ် စီမံခန့်ခွဲမှုကော်မတီသို့ အကြောင်းကြားခဲ့ပြီး ကျောက်ဖြူမြို့နယ် စီမံခန့်ခွဲမှု ကော်မတီမှ ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပါကြောင်း။

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေခြင်းများအား ရပ်ဆိုင်းထားရန်နှင့် လိုက်နာခြင်းမရှိပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ပြီး ဖြစ်ပါကြောင်း၊ ထိုသို့တားမြစ်ထားသော်လည်း ကမ်းနားလမ်း သန်ပန်ချောင်းရပ်ကွက် မြစ်ကမ်းနားတွင်ရှိသည့် ဝယ်ယူထားသည့် မြေကွက် ၃ ကွက်ကို ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံနေသဖြင့် ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပသည့်



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ စီမံခန့်ခွဲရေးဒဏ်ကြေးငွေအဖြစ် မြေကွက်တစ်ကွက်လျှင် ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရန်၊ ခြံစည်းရိုးကာရံခြင်းအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထောက်အထားအပြည့် အစုံဖြင့် တင်ပြန်ရန်ဆုံးဖြတ်ခဲ့ပါကြောင်း၊ ခြံစည်းရိုးကာရံသူ နှစ်ဦးမှ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေအဖြစ် ငွေကျပ် ၃၀၀၀၀ အား ပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ သိရပါကြောင်း၊ ကျောက်ဖြူမြို့နယ် သန်ပန်ချောင်းရပ်ကွက် မြစ်ကမ်းနားရှိ မြေငှားဂရန်ရရှိသည့်နေရာတွင် ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသူ ဦးတင်အောင်စိုးနှင့် ဦးဇော်ဝင်းဌေးတို့ နှစ်ဦးအား ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူပြီးဖြစ်ပါကြောင်း၊ ဦးတင်အောင်စိုး၏ ဇနီးနှင့် ဦးဇော်ဝင်းဌေးတို့ ခြံစည်းရိုးကာရံခွင့်နှင့် အဆောက်အအုံဆောက်လုပ်ခွင့်တို့ကို ခွင့်ပြု နိုင်ရန်အတွက် လျှောက်ထားလာမှုအပေါ် ကျောက်ဖြူမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဥပဒေ၊ နည်းဥပဒေများနှင့် စိစစ်ဆောင်ရွက်ခဲ့ရာ လျှောက်ထားသူ အမည်ပေါက်၊ မြေစာရင်းပုံစံများကို ကာယကံရှင်များထံသို့ တောင်းခံထားရှိပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်နှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်မှ သဘောတူအတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်မှ သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသည့် **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## အကြမ်းဖက်ခံရမှုဖြစ်စဉ်များကို အကြမ်းဖက်ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာကာကွယ်နိုင်ရန် ပြည်သူလူထု၊ အစိုးရနှင့် တပ်မတော်ကြည်ဖြူစွာ လက်တွဲဆောင်ရွက်သွားသင့်ပါကြောင်း ဆွေးနွေး

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့သလိုနှင့် လူ့အခွင့်အရေးဇန်းပြုပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများရှိကြပါကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ လှုပ်ရှားနိုင်စေရန်အတွက် အကူအညီအထောက်အပံ့ပေးမှုများသည်လည်း အကြမ်းဖက်မှုများကို အထောက်အကူဖြစ်စေပါကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ နိုင်ငံများသည် မိမိတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် တစ်နိုင်ငံက တစ်နိုင်ငံကို အပြန်အလှန်လေးစားကြရန်နှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ရန် ပြဋ္ဌာန်းထားရှိပါကြောင်း။

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်နှင့် စီမံချက်များချမှတ်ပြီး ARSA အဖွဲ့ကိုလည်း အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားပြီးဖြစ်ပါကြောင်း၊ အဓိကလိုအပ်ချက်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို တိကျစွာလိုက်နာ အကောင်အထည်ဖော်ရန်ဖြစ်ပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်ခံရမှုဖြစ်စဉ်များကို အကြမ်းဖက်ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာကာကွယ်နိုင်ရန် ပြည်သူလူထု၊ အစိုးရနှင့် တပ်မတော်ကြည်ဖြူစွာ လက်တွဲဆောင်ရွက်သွားသင့်ပါကြောင်း ထောက်ခံ ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပြည်ပသြဇာခံ၊ အကူအညီအထောက်အပံ့များနှင့် ရပ်တည်သော လက်နက်ကိုင်အဖွဲ့ဟူ၍ အမျိုးအစားနှစ်ခု သတ်မှတ်နိုင်ပါကြောင်း၊ ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များသည် ဒုတိယအမျိုးအစားတွင် ပါဝင်ကြောင်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သတင်းမီဒီယာလောကတွင် အနောက် အင်အားကြီးနိုင်ငံများ၏ သတင်းဌာနများက သတင်းအင်အားကြီးအုပ်စုအဖြစ် ရပ်တည်လျက်ရှိပြီး မဟုတ်မမှန်သတင်းထုတ်လွှင့်မှုများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာသတင်းမီဒီယာအသိုင်းအဝိုင်းသည် အင်အားငယ်သော အုပ်စုဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အဓိကမဏ္ဍိုင်ကြီး ၃ ရပ်အပြင် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာကဏ္ဍ၏ အရေးကြီးပုံကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် လူတိုင်း Facebook, Twitter နှင့် You Tube တို့တွင် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြနေသည့်အတွက် လုပ်ကြံသတင်း၊ မဟုတ်မမှန်သတင်း၊ သတင်းမှားသတင်းတုများ မဖြစ်စေရေး အထူးဂရုပြုရန်လိုအပ်သကဲ့သို့ မိမိသတင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီးစေခြင်း၊ အချုပ်အခြာအာဏာကို ထိပါးခြင်းမဖြစ်စေရေး သက်ဆိုင်ရာဥပဒေများကိုလည်း သိထားသင့်ပါကြောင်း။

လူမျိုးရေး၊ ဘာသာရေး၊ ပဋိပက္ခထပ်မံမဖြစ်ပွားစေရန်လုံခြုံရေးအင်အား အပြည့်အဝချထားခြင်းဖြင့် သတင်းလက်ဦးမှုရရှိရန် လိုအပ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် သံတမန်ဆက်ဆံရေးကောင်းမွန်ရန်အတွက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ပြီး လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် အစွန်းရောက်အကြမ်းဖက်မှုများကို ထိထိရောက်ရောက် တားမြစ်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ပြည်တွင်းရေးကိစ္စရပ်များကို ပြည်ပနိုင်ငံ(သို့) သြဇာခံ၊ အထောက်အပံ့ခံ၊ အဖွဲ့အစည်း(သို့မဟုတ်) လူပုဂ္ဂိုလ်များ၏ ဝင်ရောက်ခြယ်လှယ်လွှမ်းမိုးချုပ်ကိုင်မှုမရှိစေရေး မြန်မာသမိုင်းနှင့်ယှဉ်ကာ သတိရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အစိုးရ(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားအကူအညီအထောက်အပံ့များကို အခြေပြု၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလွှမ်းမိုးချုပ်ကိုင်လာနိုင်သည့်အရာများကို လက်ခံခြင်းမပြုရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး ၃ ရပ်ကို ဟန်ချက်ညီညီ ပူးပေါင်း၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူများ လက်တွဲပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်သွားရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ မောင်တော မဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၊ မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲမင်းဦး၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်နှင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့က ဆွေးနွေးကြသည်။

## ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဟန်ချက်ညီညီဆောင်ရွက်လျက်ရှိ

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကို ထပ်မံဖွဲ့စည်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဟန်ချက်ညီညီဆောင်ရွက်လျက်ရှိပါကြောင်း၊

*စာမျက်နှာ ၉ သို့*

# နိုင်ငံ့ဝန်ထမ်းများ သတ်မှတ်အရည်အချင်းပြည့်စုံပါက လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိ

**နေပြည်တော် ဇွန် ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ်ရှိ မြို့နယ် (၉) မြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ တားဆီးကာကွယ်ထိန်းသိမ်းရန် ဘေးမဲ့တောများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ချင်းပြည်နယ် ကိုးမြို့နယ်တစ်ခုလုံးကို လွှမ်းခြုံ၍ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းနိုင်ရေးနှင့် ပတ်သက်၍ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူရန် လိုအပ်ခြင်း၊ သဘာဝထိန်းသိမ်းရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ရန် အခက်အခဲရှိခြင်း၊ သဘာဝနယ်မြေများ ဖွဲ့စည်းပြီးပါက အုပ်ချုပ်ရေးမှူးရုံးများ ဆောက်လုပ်ပြီး ကင်းလှည့်ထိန်းသိမ်းရေးဆောင်ရွက်ရန် လိုအပ်နေခြင်းတို့ကြောင့် ကိုးမြို့နယ် တစ်ခုလုံးကို လွှမ်းခြုံ၍ ဖွဲ့စည်းနိုင်ခြင်း မရှိသေးပါကြောင်း။

သို့သော် ချင်းပြည်နယ်တွင် ဆက်လက်ဆောင်ရွက်နေသည့် သဘာဝထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် ဇွေပါးတောင်ဒေသ ဧရိယာ ၄၆ ဒသမ ၈၇၅ စတုရန်းမိုင်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ပြီး ဇွေပါးတောင်အမျိုးသားဥယျာဉ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် ကျီးရီးယန်းတောင်ဒေသ ဧရိယာ ၁၃ ဒသမ ၁၀၄ စတုရန်းမိုင်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖလမ်းမြို့နယ် လေသာတောင် ၁၇ ဒသမ ၂၇ စတုရန်းမိုင်ကို ၂၀၁၈ခုနှစ် မေလတွင် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် မီအေပီတောင် ၁၉ ဒသမ ၃၀ စတုရန်းမိုင်၊ ဇီန်မှုတောင် ၁၂ ဒသမ ၄၁ စတုရန်းမိုင်၊ စာမွှန်းတောင် ၄၄ ဒသမ ၃၀ စတုရန်းမိုင်တို့ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်စာထုတ်ပြန်ဆောင်ရွက်လျက် ရှိပါကြောင်း။

အဆိုပါ ဆောင်ရွက်နေသည့် လုပ်ငန်းများပြီးစီးပါက ဇီဝမျိုးစိတ် မျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် ဂေဟစနစ်နှင့် ဇီဝမျိုးစိတ်မျိုးကွဲ၏ အရေးကြီးသည့်နေရာများကို လေ့လာ၍ သဘာဝနယ်မြေ ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ရာထူးတိုးကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများနှင့် ရာထူးတိုးကိစ္စများကို ဦးစားပေးစိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက ဝန်ကြီးဌာနအများစုမှ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ပြောင်းရွှေ့ရေးမူဝါဒအဖြစ် အများဆုံး နှစ်နှစ်၊ အနည်းဆုံး တစ်နှစ် သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်း၏ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲများကြောင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုရန် ဆန္ဒပြုလျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုသော ဒေသတွင် နေရာလစ်လပ်မှုမရှိပါက အနီးစပ်ဆုံးဒေသတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝန်ကြီးဌာနများမှ ဖြေကြားချက်များ ပေးပို့လာပါကြောင်း။

ရာထူးတိုးကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပုဒ်မ ၂၃မှ ပုဒ်မ ၃၀ အထိ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိ လည်းကောင်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိပါက သတ်မှတ်ချက်များနှင့်အညီ လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည့်အပြင် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ်မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း တာဝန်ယူမှု၊ တာဝန်ထမ်းဆောင်မှု အရည်အချင်းများအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်း



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

## လျှော်ဖြူစေးမှာ ပြည်ပဈေးကွက်ဝယ်လိုအား မြင့်မားသော ကုန်ပစ္စည်းဖြစ်၍ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာန Website များတွင် ဖော်ပြပေးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၏ **လျှော်ဖြူပင် (Sterculia Versicolour Wall) စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးပညာဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ လျှော်ဖြူပင်မှ ထွက်ရှိသော လျှော်ဖြူစေး တင်ပို့ရောင်းချခြင်းတို့အတွက် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လျှော်ဖြူစေးမှာ ဈေးနှုန်းမြင့်မားကောင်းမွန်သည့်အပြင် ပြည်ပဈေးကွက်ဝယ်လိုအား မြင့်မားသော ကုန်ပစ္စည်းဖြစ်၍ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website များတွင် ဖော်ပြပေးလျက်ရှိပြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကုန်သွယ်မှုဗဟိုဌာန၊ တာဝန်ခံများမှတစ်ဆင့် ထုတ်လုပ်သူများ သိရှိနိုင်ရေး သတင်းဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လျှော်ဖြူသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံအမယ်စုံ စိုက်ပျိုးရေးနှင့် သီးနှံ - သစ်တော ရောနှောတောင်သူပညာပေး စိုက်ကွက်များအဖြစ် စိုက်ပျိုးပြသခြင်း၊ ကျွမ်းကျင်လုပ်သားဖြင့် အစေးထုတ်နည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့် ပျိုးပင်များ ရရှိနိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေသစ်များ ပေါ်ထွက်လာရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်လိုသူများနှင့် ချိတ်ဆက်ဆွေးနွေးနေပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အစီအမံများအပေါ် မိမိဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်တို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်လိုသည်များ ဆွေးနွေး

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက **မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အခန်း(၃) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဖွဲ့စည်းခြင်း ဆိုသည့် ခေါင်းစဉ်တွင် ဖြည့်စွက်လိုသည်မှာ အပိုဒ် ၄၊ အပိုဒ်ခွဲ (စ)အနေဖြင့် ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်ဟု ဖြည့်စွက်လိုပါကြောင်း၊ မူလဥပဒေကြမ်းနှင့် ပြင်ဆင်လိုက်သည့်အထဲတွင် ကောင်စီဥက္ကဋ္ဌဆိုသည့် စကားရပ်သည် ပါရှိထားခြင်းမရှိသည့်အတွက် ဖြည့်စွက်လိုခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ကောင်စီဝင်များသည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရဆိုသည်ကို ကောင်စီဥက္ကဋ္ဌသည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရဟု ပြင်ဆင်လိုပါကြောင်း၊ ကောင်စီဥက္ကဋ္ဌအဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလသည် ကောင်စီ၏သက်တမ်းထက်ဝက်အောက် လျော့နည်းပါက သက်တမ်းတစ်ခုဟု မသတ်မှတ်ရဟူ၍ ပြောင်းလဲပြင်ဆင်လိုပါကြောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့် သက်တမ်းအနည်းဆုံး ၁၅ နှစ်ရှိသူဆိုသည့် နေရာတွင် အနည်းဆုံး ၁၀ နှစ်ရှိသူဟု ပြင်ဆင်လိုပါကြောင်း။

ကောင်စီသည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ်တင်သွင်းရမည်ဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလတွင် တစ်ကြိမ် ဆိုသည့်နေရာတွင် ခြောက်လတွင် တစ်ကြိမ် ကျင်းပရမည်ဆိုပါက လုံလောက်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါမောက္ခချုပ် နှစ်ဦး၊ ပါမောက္ခ၊ ဌာနမှူး နှစ်ဦး၊ အရာထမ်း တစ်ဦးဆိုသည့် နေရာတွင် ပါမောက္ခနှင့် ဌာနမှူးကြားတွင် သို့မဟုတ် ဖြည့်ချင်ပါကြောင်း ထိုမှသာ စကားရပ်သည် အဓိပ္ပာယ်ရှင်းရှင်းလင်းလင်း ရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ကိုယ်စားလှယ် တစ်ဦးနေရာတွင် ကိုယ်စားလှယ် နှစ်ဦး ဖြည့်စွက်လိုပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦးကို ပယ်ဖျက်လိုပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

အကြမ်းဖက်ကျူးလွန်ခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အကြမ်းဖက် တိုက်ဖျက်မှု ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထွက်ပြေးတိမ်းရှောင်သူများ ဖမ်းဆီးရမိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့် တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများပေါင်းစပ်၍ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထု၏ စီးပွားရေးဘဝတိုးတက်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ တည်ဆဲဥပဒေတို့နှင့်အညီ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်၍ ဘက်ပေါင်းစုံမှ ဟန်ချက်ညီအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုလိုကြောင်း တင်ပြသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## မှူခင်းအသိပညာပေး ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၈ ရပ်ကွက် ပြည်လမ်း လှည်းတန်းစင်တာရှေ့၌ ဇွန်လ ဒုတိယပတ်က မှုခင်းပညာပေးပြခန်းယာဉ် ဖွင့်လှစ်၍ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်သိရှိစေရန် မှုခင်းအသိပညာပေးဆောင်ရွက်ရာ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်သိန်း၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ အဆိုပါ ပြခန်းယာဉ်ကို ဈေးဝယ်လာရောက်သူ ၁၅၀ ခန့်က လာရောက်လေ့လာခဲ့ကြသည်။

**သတင်းစဉ်**





ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးယာဉ်ကြီးဖြင့် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက် အရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်ရှိ အ.ထ.က (၅)ကျောင်းရှေ့တွင် ဇွန်လ ဒုတိယပတ်က မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး ဟောပြောကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို လူငယ်များနှင့်အတူ ပြည်သူအားလုံးပါဝင်နိုင်ရန် စီစဉ်ကျင်းပမည်

နေပြည်တော် ဇွန် ၁၅

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်သို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် တက္ကသိုလ်နှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို ရည်ရွယ်ပြီး ထူးခြားဆန်းသစ်သည့် အစီအစဉ်များ ထည့်သွင်းနိုင်ရေးဆွေးနွေးကြစေလိုပါကြောင်း၊ လူငယ်များနှင့်အတူ ပြည်သူအားလုံးပျော်ရွှင်စွာဖြင့် ပါဝင်နိုင်သည့် ပွဲတော်တစ်ရပ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပနိုင်ရန်အတွက် လျာထားအစီအမံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အကြံပြုဆွေးနွေးကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များ အသိပညာအတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများ မြင့်မားလာစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (ရန်ကုန်)ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိကျင်းပခဲ့ပြီး ယခုအခါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ၂၀၁၈ ခုနှစ် ဩဂုတ်လလယ်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ငါးခူရစခန်းမှ လှေစီးဒုက္ခသည်များအား တွေ့ဆုံ တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု

**စစ်တွေ ဇွန် ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး လှေစီးဒုက္ခသည်များအား တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် လှေစီးဒုက္ခသည်များအား တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းကာ ၎င်းတို့လိုအပ်ချက်များနှင့်ဆန္ဒကို သက်ဆိုင်ရာတာဝန်ရှိသူများက မူဝါဒများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးရန်၊ လှေစီးဒုက္ခသည်များအနေဖြင့်လည်း စခန်းမှ တာဝန်ရှိသူများအား မိမိတို့ဖြစ်လိုသည့်ဆန္ဒများအား စနစ်တကျတင်ပြပြီး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။ ယင်းနောက် လှေစီးဒုက္ခသည်များ နေထိုင်သည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြိမ်ချောင်းတောင်ကျေးရွာသို့ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများအား နေရာချထားမည့် အဆောက်အအုံများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး အဆောက်အအုံများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် အဝင်၊ အထွက်လမ်းများအား ရာသီမရွေးသွားလာနိုင်ရန် မှာကြားရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်မှာကြားသည်။ ယင်းနောက် လှုဖိုးခေါင်ယာယီစခန်းသို့ ရောက်ရှိပြီး ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လှည့်လည်စစ်ဆေးကာ မိုးအခါဖြစ်၍ ပျက်စီးမှုများကို အချိန်မီပြန်လည်ပြုပြင်ရန်၊ ရေဝင်၊ ရေထွက်ကောင်းမွန်စေရန်နှင့် စခန်းအတွင်း ရေဝင်၊ ရေဝပ်မှုမရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ခရီးစဉ်တစ်လျှောက်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် ဝန်ကြီးချုပ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လုပ်ငန်းအစီအစဉ်များ ချမှတ်ပေးခဲ့သည်။

**အောင်သူရ၊ နေဝင်းထွန်း**

## လှေစီးဒုက္ခသည်များကို လှုဖိုးခေါင်ပြန်လည်လက်ခံရေးကြားစခန်းတွင် ရိက္ခာများ ထောက်ပံ့ခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

**မောင်တော ဇွန် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွင်ဋ္ဌတို့သည် ယနေ့နံနက်ပိုင်းတွင် လှုဖိုးခေါင်ကြားစခန်း၌ ရောက်ရှိနေသော လှေစီးဒုက္ခသည် ၆၂ ဦးကို တွေ့ဆုံ၍ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ပဲ၊ ဆား) တစ်လစာနှင့် မီးဖိုချောင်သုံးပစ္စည်း (Kitchen Set) များ၊ အဆင်သင့်စားသုံးနိုင်သော ဒံပေါက်ထုပ်များနှင့် ခေါက်ဆွဲခြောက်ထုပ်များအား ထောက်ပံ့ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လှေစီးဒုက္ခသည်များကို လက်ရှိယာယီနေထိုင်မှုအပြင် မူလနေရာ(သို့မဟုတ်) မူလနေရာနှင့်အနီးဆုံးနေရာများတွင် Cash for Work အစီအစဉ်ဖြင့် နေအိမ်များပြန်လည်ဆောက်လုပ်ရန် စီစဉ်ပေးမည့်အခြေအနေ၊ တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသော မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်မည့်အခြေအနေ၊ နိုင်ငံတော်မှ ကယ်ဆယ်ထောက်ပံ့မှုအခြေအနေများကို သိရှိနားလည်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိရေးတို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာအလိုက် နေရပ်များသို့ လိုက်လံပို့ဆောင်ပေးမှုများကို ကြည့်ရှုသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့မှစစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေး

**သထုံ ဇွန် ၁၅**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင်၏ ညွှန်ကြားချက်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်တို့ အနီးကပ်ကြီးကြပ်မှုဖြင့် ရောက်ရှိလာသော မှုခင်းအသိပညာပေးယာဉ်ဖြင့် ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့ သုဓမ္မဝတီမြို့သစ် သော်ကလမ်း မူလွန်ကျောင်းရှေ့၌ ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းပြစ်မှုကျူးလွန်မှုမဖြစ်စေရေး ဆောင်ရန်ရှောင်ရန်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မှုခင်းကာကွယ်ရေးလုပ်ငန်းများအား နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ချိုနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သီဟအောင်တို့က ရှင်းလင်းဟောပြောကြသည်။ **၁၃၈**

## မောင်တောဒေသ၌ ပြည်တွင်းသတင်းမီဒီယာအဖွဲ့ ဒုတိယနေ့ သတင်းယူ

**ရန်ကုန် ဇွန် ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့ပေါ်ရှိ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးဆောင်ရွက်ပေးထားမှု၊ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း အေးချမ်းစွာနေထိုင်နေမှုအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ကညင်ချောင်းစီးပွားရေးဇုန်သို့ သွားရောက်ပြီး ကညင်ချောင်းစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် တွေ့ဆုံကာ စီးပွားရေးဇုန်ဆောက်လုပ်ပြီးစီးမှု၊ မောင်တောစီးပွားရေးဇုန် ဖွင့်လှစ်ပြီးပါက ဒေသဖွံ့ဖြိုးလာနိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ စုပေါင်းနေထိုင်သည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာသို့ သွားရောက်ကြသည်။

ထို့နောက် ရွှေဇားကျေးရွာရှိ ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးလုပ်ကိုင် စားသောက်နေမှု၊ NVC ကတ် ဆောင်ရွက်ပေးနေမှုအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံကာ နိုင်ငံတော်မှ စားနပ်ရိက္ခာ ထောက်ပံ့ထားမှု၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **မင်းသစ် (MNA)**



ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောမြို့ပေါ်တွင် ယာယီဖွင့်လှစ်ထားသော ဟိန္ဒူကယ်ဆယ်ရေးစခန်း၌ သတင်းရယူနေစဉ်။

# လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**

**၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ် ခြင်းခံရသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(င) **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ** ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်စေရန် ပြုပြင်စီမံထားသော ဝတ္ထုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ယမ်းတိုက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့က အတည်ပြုရွေးချယ်ပေးသည့် မြေနေရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးအရာရှိချုပ်က အတည်ပြုသတ်မှတ်ပေးသည့် ပုံစံအတိုင်းဆောက်လုပ်ထားသည့် အဆောက်အအုံကိုဆိုသည်။

(ဆ) **ပြုလုပ်ခြင်း** ဆိုသည်မှာ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းတစ်ခုခုကိုပြုလုပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ဆိုသည်။

(ဇ) **တင်သွင်းခြင်း** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သည့်အဖွဲ့အစည်းကဖြစ်စေ လုပ်ငန်းလိုအပ်ချက်နှင့်အညီ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြည်ပနိုင်ငံတစ်ခုခုမှ တင်သွင်းခြင်းကို ဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင်လက်ခံသိုလှောင်နိုင်ရေးအတွက် ဤဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်က ထုတ်ပေးသော ယမ်းတိုက်လိုင်စင်ကိုဆိုသည်။

(ည) **သိုလှောင်ခြင်း** ဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်တွင် ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းထားရှိခြင်းကို ဆိုသည်။

(ဋ) **ခွင့်ပြုချက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က ဤဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို စနစ်တကျပြုလုပ်ခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် သုံးစွဲခြင်းတို့ပြုနိုင်ရန်၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေရန်၊

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပြုလုပ်သုံးစွဲမှုများကို စနစ်တကျ ကြီးကြပ်နိုင်ရန်။

## အခန်း (၃)
## ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက် ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက် ရရှိလိုသူသည်လည်းကောင်း၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေဆောင်ရွက်လိုသူသည်လည်းကောင်း ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ စိစစ်ချက်ဆောင်ရွက်ပေးရန် လျှောက်ထားရမည်။

၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့်ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်သည်လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိချုပ်၏တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်းတွေ့ရှိပါက စိစစ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ ပေးပို့ရမည်။

(၂) စစ်ဆေးရေးအရာရှိချုပ်က သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ဖြင့်တင်ပြလျှင် သက်ဆိုင်ရာလျှောက်ထားသူကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ပြီး ပြန်လည်တင်ပြရန် ညွှန်ကြားရမည်။

၆။ (က) ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်နိုင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရယူရန် လျှောက်ထားခြင်းဖြစ်ပါက ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့ဖြင့် ယမ်းတိုက်ဆောက်လုပ်ရန်မြေနေရာကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်အတည်ပြုပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကို စိစစ်အတည်ပြုကြောင်း သဘောထားပြန်ကြားချက်ပေးပို့သည့်အခါ အတည်ပြုချက်ရရှိသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် စစ်ဆေးရေးအရာရှိချုပ်အား ညွှန်ကြားရမည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ကိုရရှိလျှင် ယမ်းတိုက်ဆောက်လုပ်ရန်မြေနေရာ အတည်ပြုချက် လျှောက်ထားသူအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင်သတ်မှတ်သည့်အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားရမည်။

၇။ (က) ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန်ဖြစ်ပါက စိစစ်တင်ပြရန် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

(ခ) ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီသည် ပုဒ်မခွဲ (က)အရ တာဝန်ပေးအပ်ခြင်းခံရလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ တင်ပြရမည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်း တွေ့ရှိပါက လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် သက်ဆိုင်ရာ လျှောက်ထားသူကို ခွင့်ပြုချက်ထုတ်ပေးရမည်။ ခွင့်ပြုချက်မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်သက်ဆိုင်ရာ လျှောက်ထားသူကို ညွှန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၈။ ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးပို့သော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီး၍ ဖျက်ဆီးရန်ကိစ္စနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဌာန ကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ဖြန့်ဖြူးရေးဆပ်ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လျှောက်ထားသူ၏ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်သည့်အဖွဲ့ဖြင့် ဖျက်ဆီးရန်သင့် မသင့်စစ်ဆေးပြီး ဖျက်ဆီးသင့်သည့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာနကောင်စီအမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးရမည်။

၉။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းလိုသူသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ခွင့်ပြုချက်ကို လက်ခံရရှိလျှင် ဥပဒေနှင့်အညီ တင်သွင်းခြင်းပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၄)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၀။ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးအရာရှိချုပ်၏ အကြောင်းကြားချက်နှင့်အညီ ယမ်းတိုက်ဆောက်လုပ်သူသည် သတ်မှတ်သည့်အင်္ဂါရပ်များ ပြည့်စုံစွာပါဝင်သည့် ယမ်းတိုက်ကို ဆောက်လုပ်ပြီးလျှင် လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၁။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၀ အရ လိုင်စင်လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဆောက်လုပ်ထားသည့် ယမ်းတိုက်ကို သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းရှိ မရှိ စစ်ဆေးပြီး -

(က) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်း ပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင် ထုတ်ပေးရမည်။

၁၂။ လိုင်စင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၃။ လိုင်စင်ရရှိသူသည် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ခြင်း လုပ်ငန်းဆက်လက်ဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးပေးရန် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၃ အရ သက်တမ်းတိုး လျှောက်ထားချက်ကို ရရှိလျှင် လျှောက်ထားသူ၏ ယမ်းတိုက်ကို စစ်ဆေးပြီး -

(က) သတ်မှတ်သည့်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လျှောက်ထားသူအား လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

## အခန်း (၅)
## လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့၏ တာဝန်များ

၁၅။ လိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ခွင့်ပြုသည့် ပမာဏထက်မပိုစေဘဲ သတ်မှတ်ချက်နှင့်အညီ စနစ်တကျ သိုလှောင်သိမ်းဆည်းရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပျောက်ဆုံးခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်း၊ လူများထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်ပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(ဃ) လိုင်စင်အတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း အခကြေးငွေကို ဦးစီးဌာနသို့ပေးဆောင်ရမည်။

၁၆။ ခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရ ယမ်းတိုက်များတွင်သာ သိုလှောင်ရမည်။

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းပြုရာတွင် အန္တရာယ်မဖြစ်စေရေးအတွက်လိုအပ်သော ကာကွယ်မှုများကို သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆောင်ရွက်ရမည်။

## အခန်း (၆)
## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၁၇။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့သည် ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာခြင်း ရှိမရှိ စိစစ်၍ လိုက်နာခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၄ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်းနှင့် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က စိစစ်အတည်ပြုသော မြေနေရာတွင် ယမ်းတိုက် ဆောက်လုပ်ရန် အကြောင်းကြားခြင်း၊ ယမ်းတိုက်၏ အင်္ဂါရပ်များ ပြည့်စုံခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ပေးခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ပြင်သစ်ကိုထိန်းချုပ်ဖို့ခက်ခဲမယ့်သြစတြေးလျ

**၁၆ ဇွန်လ ၂၀၁၈ ညနေ ၄း၃၀ (Kazan Arena, Kazan)**

**၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စု(ဂ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပြင်သစ်နဲ့ သြစတြေးလျတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပြီး ပြင်သစ်က သြစတြေးလျကို မည်သို့အနိုင်ယူသွားမှာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

### ပြင်သစ်ရဲ့အခြေအနေ

ပြင်သစ်ရဲ့ တိုက်စစ်ပိုင်းမှာ ဂျရူး၊ အမ်ဘာပေ၊ ဒမ်ဘီလီ၊ ဂရစ်ဇ်မန်းတို့လို တိုက်စစ်မှူးလည်း ရှိနေပါတယ်။ ကွင်းလယ်ပိုင်းမှာ ကန်တီ၊ မာတူဒီ၊ ခံစစ်မှာ ဗာရာနေ၊ အမ်တီတီ၊ ရာမီတို့လို ကစားသမားကောင်းတွေ ရှိနေတာကြောင့်လည်း ပြင်သစ်ဟာ ရှေ့ လယ်၊ နောက် နေရာစုံတောင့်တင်းတဲ့အသင်း ဖြစ်ပါတယ်။

### သြစတြေးလျရဲ့အခြေအနေ

သြစတြေးလျအနေနဲ့ ကစားသမားအင်အားပိုင်းမှာ အားနည်းမှုတွေရှိနေပါတယ်။ တိုက်စစ်ပိုင်းမှာဆိုရင် လက်ရှိအချိန်အထိ တင်ကာဟေးလ်ကို ဆက်လက်အားကိုးနေရတဲ့ အခြေအနေအထိ ကစားသမားပိုင်း အားနည်းမှုတွေရှိနေပါတယ်။

### သုံးသပ်ချက်

ပြင်သစ်အနေနဲ့ အုပ်စုပထမနေရာကို ရယူနိုင်ပါမှ တခြားအုပ်စုက အုပ်စုပထမရလာနိုင်တဲ့ အာဂျင်တီးနားကို ရှုံးထွက်အဆင့်မှာ ရှောင်လွှဲနိုင်မှာဖြစ်တဲ့အတွက် ဒီပွဲစဉ်မှာ တိုက်စစ်ကိုသာ အားပြုကစားလာမှာ သေချာနေပါတယ်။ သြစတြေးလျအနေနဲ့ ခံစစ်ကို အားပြုကစားမှာ ဖြစ်ပေမယ့် ပြင်သစ်ကို ထိန်းချုပ်ဖို့ ခက်ခဲနိုင်ကာ ပြင်သစ်ကသာ နိုင်ပွဲရသွားမယ်။

# အိုက်စလန်ကိုခက်ခဲစွာအနိုင်ယူရမယ့်အာဂျင်တီးနား

**၁၆ ဇွန်လ ၂၀၁၈ ည ၇း၃၀ (Otkritie Arena, Moscow)**

**အုပ်စု(ဃ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘောလုံးထိပ်သီး အာဂျင်တီးနားအသင်းနဲ့ ယခုအကြိမ်မှ ကမ္ဘာ့ဖလားကို ကစားခွင့်ရရှိတဲ့ ဥရောပအသင်းငယ်လေး အိုက်စလန်တို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။**

### အာဂျင်တီးနားရဲ့အခြေအနေ

အာဂျင်တီးနားအနေနဲ့ တိုက်စစ်ပိုင်းမှာ မက်ဆီ၊ အဂူရို၊ ဟီဂွါယင်တို့အပြင် ဒီမာရီယာ၊ ဒိုင်ဘာလာတို့လို ကစားသမားကောင်းတွေ ရှိနေပါတယ်။ ကွင်းလယ်ပိုင်းမှာ အားနည်းမှုတွေရှိတတ်ပြီး ဘီဂလီယာ၊ ဘာနီဂါ၊ မာရှေယာနိုတို့ကို အားပြုနေရပါတယ်။ ဒါကြောင့် အာဂျင်တီးနားဟာ ကွင်းလယ်ကစားပုံ ကောင်းမွန်တဲ့အသင်းတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာ နိုင်ပွဲရရှိဖို့ ရုန်းကန်ရလေ့ရှိပါတယ်။

### အိုက်စလန်ရဲ့အခြေအနေ

အိုက်စလန်ရဲ့ ဆီဂတ်ဆန်၊ ဖင်ဘိုဂါဆန်တို့ဟာ ကစားသမားကောင်းတွေဖြစ်ကြပြီး အထူးသဖြင့် အိုက်စလန်အနေနဲ့ အသင်းလိုက်ကစားပုံ အထူးကောင်းမွန်တာကို သတိပြုရမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

အာဂျင်တီးနားအနေနဲ့ အုပ်စုပထမနေရာ ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် အုပ်စုဒုတိယနေရာ ရယူနိုင်ဖို့ ခရိုအေးရှားနဲ့ အားပြိုင်ရမယ့် အိုက်စလန်ကလည်း အမှားခံမှာ မဟုတ်ပါဘူး။ ဒါကြောင့် အာဂျင်တီးနား ဂိုးပြတ်နိုင်ဖို့ခက်တယ်။

# သုံးမှတ်အပြည့်ရဖို့ ခက်ခဲနေတဲ့ ဒိန်းမတ်

**၁၆ ဇွန်လ ၂၀၁၈ ည ၁၀း၃၀ (Mordovia Arena, Saransk)**

**အုပ်စု (ဂ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ တောင်အမေရိကအသင်း ပီရူးနဲ့ ဥရောပအသင်း ဒိန်းမတ်တို့ရဲ့ပွဲမှာ မည်သည့်အသင်းက အနိုင်ယူသွားမှာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

### ပီရူးရဲ့အခြေအနေ

ပီရူးဟာ တောင်အမေရိကအသင်း တစ်သင်းပီပီ အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်တယ်။ ကစားသမားစုဖွဲ့မှုအရ သာမန်သာရှိပေမယ့် ပီရူးရဲ့ ခြေစွမ်းပိုင်းဟာ လျှော့တွက်ဖို့ ခက်ခဲလွန်းပါတယ်။ အထူးသဖြင့် ပီရူးဟာ ကွင်းလယ်ကစားပုံ ကောင်းမွန်တဲ့ အသင်းဖြစ်ပါတယ်။

### ဒိန်းမတ်ရဲ့အခြေအနေ

ဒိန်းမတ်က အသင်းလိုက်ကစားပုံကောင်းမွန်ပေမယ့် တိုက်စစ်ပိုင်း အားနည်းနေတယ်။ အဲရစ်ဆင်လို ကစားသမားမျိုးရှိပေမယ့် နောက်ဆုံးတိုက်စစ်ပိုင်းစွမ်းဆောင်ရည်က သာမန်သာရှိပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး ကစားသမားအင်အားပိုင်းအရ သာမန်သာရှိကြပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်မှာတော့ ပီရူးက အားသာမှုရှိနေပါတယ်။ ပီရူးတို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

# နိုင်ဂျီးရီးယားကို အနိုင်ကစားမယ့် ခရိုအေးရှား

**၁၇ ဇွန်လ ၂၀၁၈ နံနက် ၁း၃၀ (Kaliningrad Stadium, Kaliningrad)**

**အုပ်စု(ဃ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဥရောပက ခြေစွမ်းအသင့်အတင့်ရှိတဲ့ ခရိုအေးရှားနဲ့ အာဖရိကမှ နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်မှာဖြစ်ပြီး ခရိုအေးရှားတို့ အဖွင့်ပွဲအနိုင်ယူသွားမလား စောင့်ကြည့်ရမှာပါ။**

### ခရိုအေးရှားရဲ့အခြေအနေ

ခရိုအေးရှားမှာ မိုဒရစ်၊ မန်ဇူကစ်၊ ရာကီတစ်၊ ကိုဗာဆစ်တို့လို ကစားသမားတွေရှိနေကာ အုပ်စုဒုတိယနေရာကို အိုက်စလန်နဲ့လုရမယ့် အခြေအနေဖြစ်နေတာကြောင့် ဒီပွဲမှာ အမှားခံမှာမဟုတ်ဘဲ တိုက်ဖွင့်ကစားလာမယ့် အခြေအနေမှာလည်း ရှိနေပါတယ်။

### နိုင်ဂျီးရီးယားရဲ့အခြေအနေ

နိုင်ဂျီးရီးယားကတော့ ကစားပုံမာကျောမှုရှိပါတယ်။ မော့ဆက်၊ အီနာချို၊ အီဂါလို၊ အီဝိုဘီတို့လို ကစားသမားကောင်းတွေလည်းရှိနေကာ အင်္ဂလန်၊ ပိုလန်၊ ချက်တို့လို အသင်းကောင်းတွေနဲ့ ခြေစမ်းခဲ့တဲ့ပွဲတွေမှာ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပါတယ်။

### သုံးသပ်ချက်

အသင်းလိုက်စုဖွဲ့မှုမှာ ခရိုအေးရှား အားသာသလို ကွင်းလယ်ကစားပုံမှာလည်း ခရိုအေးရှားက ပိုမိုကောင်းမွန်ပါတယ်။ ဒါကြောင့် ခရိုအေးရှားကသာ ယှဉ်ပြိုင်နိုင်ပွဲရယူသွားမှာပါ။

## ဥရုဂွေးက အီဂျစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အီရန်တို့က ပွဲပြီးခါနီးရရှိသော ဂိုးဖြင့် မော်ရိုကိုအား နိုင်

ကမ္ဘာ့ဖလား ၃၂ သင်းအုပ်စုအဆင့် ဒုတိယနေ့ပွဲစဉ်များမှ အစောဆုံးပွဲစဉ်အဖြစ် ဇွန် ၁၅ ရက် ညနေပိုင်းတွင် အုပ်စု(က)မှ အီဂျစ်နှင့် ဥရုဂွေးတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးအသင်း တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် အီဂျစ်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အားထားရသည့် တိုက်စစ်ကစားသမား မိုဟာမက်ဆာလက်မှာ ဒဏ်ရာပြဿနာကြောင့် အရန်လူစာရင်း၌သာ ပါဝင်လာသည်။ ဥရုဂွေးအသင်းသည် ၄-၄-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ဆွာရက်ဇ်နှင့် ကာဗာနီတို့ ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးအကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သော်လည်း ဂိုးရလဒ်မပေါ်ခဲ့ပေ။ ဒုတိယပိုင်း ပွဲပြီးခါနီး ၈၉ မိနစ်တွင် နောက်တန်းကစားသမား ဂျီမီနက်ဇ်၏ သွင်းဂိုးဖြင့် **(အောက်ပုံ)** ဥရုဂွေးအသင်း အမှတ်ပြည့်ရရှိခဲ့သည်။ ယင်းပွဲတွင် ဥရုဂွေးအသင်း ဘောလုံး ပိုင်ဆိုင်မှုအနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်ရရှိကာ လေးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ အီဂျစ်အသင်းသည် ခြောက်ကြိမ်ကန်သွင်းခွင့် ရရှိကာ သုံးကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

အုပ်စု(က)ပွဲစဉ်တစ်ပွဲအပြီးတွင် ရုရှားနှင့် ဥရုဂွေးတို့ သုံးမှတ်စီရရှိထားပြီး အီဂျစ်နှင့် ဆော်ဒီအာရေဗျတို့ အမှတ်မရရှိသေးပေ။



### မော်ရိုကိုနှင့် အီရန်

အုပ်စု(ခ)အဖွင့်ပွဲစဉ်ဖြစ်သည့် မော်ရိုကိုနှင့် အီရန်တို့ပွဲတွင် အီရန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ သုံးမှတ်ရယူခဲ့သည်။ အာဖရိကမှ ခြေစွမ်းရှိသည့် မော်ရိုကိုနှင့် အာရှအသင်းဖြစ်သည့် အီရန်တို့ပွဲတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားခဲ့ပြီး ဂိုးမသွင်းနိုင်ခဲ့ဘဲ ပွဲပြီးခါနီးတွင် မော်ရိုကိုမှ ဘူဟက်ဒူ၏ ကိုယ့်ဂိုးကိုယ်သွင်းမိသော ဂိုးကြောင့် အီရန်တို့ အနိုင်ရရှိခဲ့သည်။

**သီဟ**

▼ *ကျောဖုံးမှ*

ဖြစ်လာဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ကြားရက်တွင်ကစားသည့် ရှုံး၊ ထွက်ပြိုင်ပွဲတွင် GFA အသင်းကို အနိုင်ရခဲ့သော်လည်း ပွဲဆက်များနေခြင်း၊ ကစားသမားအချို့ ပွဲပယ်ခံထားရခြင်းကြောင့် နိုင်ပွဲရရန် ပုံမှန်ထက် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ ထို့ပြင် နည်းပြချုပ် ဦးမျိုးမင်းထွန်းမှာလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ယခုပွဲကို ကွင်းအတွင်း ကြီးကြပ်နိုင်မည် မဟုတ်ကြောင်း သိရသည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း တတိယနေရာမှ မကွေးအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ မကွေးအသင်းသည် ကြားရက်တွင် ရှုံး၊ ထွက်ပွဲကစားထားရသည့်အပြင် ပယ်နယ်တီမှ အဖြေပေါ်ခဲ့သောကြောင့် ပွဲပန်းသည့်ဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ အဆင့် ၄ နေရာမှ ရတနာပုံအသင်းနှင့် အဆင့် ၅ နေရာမှ ဟံသာဝတီအသင်းတို့မှာလည်း အဝေးကွင်းပွဲကျပ်များကစားရမည်ဖြစ်ပြီး နိုင်ပွဲပျောက်ခဲ့ပါက အဆင့်ရပ်တည်မှုပါ အပြောင်းအလဲ ဖြစ်ပေါ်ဖွယ်ရှိနေသည်။

ပွဲစဉ် ၁၅ အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၀ မှတ်၊ မကွေးအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ်၊ ဟံသာဝတီနှင့် Southern အသင်းက ၂၂ မှတ်စီ၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၂၀ မှတ်စီ၊ ရွှေဝတီအသင်းက ၁၉ မှတ်၊ စစ်ကိုင်းအသင်းက ၁၂ မှတ်၊ GFA အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ယင်းအသင်းများအနက် ရခိုင်၊ Southern၊ GFA နှင့် စစ်ကိုင်းအသင်းတို့က ၁၅ ပွဲစီကစားထားပြီး ကျန်အသင်းများမှာ ၁၄ ပွဲစီသာ ကစားရသေးသည်။

**ညီမြတ်သော်တာ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘတ်စကက်ဘောပြိုင်ပွဲ

# WHY NOT အသင်း တံခွန်စိုက်ဆွတ်ခူး

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် RIP CITY အသင်းကို WHY NOT အသင်းက ၄၂ မှတ်-၇၁ မှတ်ဖြင့် အနိုင်ရရှိကာ အသင်းတံခွန်စိုက်ဖလားရရှိသွားသည်။

ပြိုင်ပွဲအပြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် တတိယ Step-up အသင်း၊ ဒုတိယ ONE အသင်း၊ ပထမ K.S.A အသင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယ Leop အသင်း ၊ ဒုတိယ RIP CITY အသင်း၊ ပထမ WHY NOT အသင်းတို့ကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း အကောင်းဆုံးအားကစားသမား၊ ပြန်ကျဘောဖမ်းဆု၊ ခံစစ်ကစားသူဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း နာယက ဒေါ်နီက ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုဖလားရရှိသွားသော K.S.A အသင်းအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုဖလားရရှိသွားသော WHY NOT အသင်းအား လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လည်းကောင်း ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**



ယင်းပြိုင်ပွဲသည် နေပြည်တော်တွင် ဇူလိုင်လနောက်ဆုံးပတ်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲအတွက် ထူးချွန်သော ကစားသမားများအား လက်ရည်စစ်ပြိုင်ပွဲများ ထပ်မံကျင်းပပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး ရွေးချယ်သွားမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ၁၉.၆.၂၀၁၈ရက်နေ့တွင် သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါမဟာမင်္ဂလာ ၅မျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊
(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေးတွင် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးသောင်းဝင်း ညွှန်ကြားရေးမှူး — သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် — ဖုန်း ၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃
(ခ) ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး — ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် — ဖုန်း ၀၆၇ ၃၅၅၀၁၈၃၊ ၀၉ ၂၁၃၂၁၉၁
(ဂ) ဦးကြင်ခိုင် ညွှန်ကြားရေးမှူး — နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ — ဖုန်း ၀၁ ၆၆၁၂၇၅၊ ၀၉ ၅၁၈၃၄၇၁
(ဃ) ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး — နိုင်ငံတော်ပရိယတ္တိသသနာ့တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ — ဖုန်း ၀၂ ၆၆၁၁၁၃၊ ၀၉ ၂၀၀၀၁၀၀၊ ၀၉ ၄၃၁၂၅၃၇၃



## ၁၉၈၆ ခုနှစ်နောက်ပိုင်း အောက်စက်တော်ရာ အမိုးပန်းဆွဲအထိ မန်းချောင်းရေ ဒုတိယအကြိမ် စံချိန်တင်ရောက်ရှိ

**မကွေး ဇွန် ၁၅**

မင်းဘူးခရိုင် မန်းရွှေစက်တော် အောက်စက်တော်ရာဘုရားဆောင်၏ ပန်းဆွဲအမြင့် ၁၉ ပေခန့်အထိ မန်းချောင်း ရေမြင့်တက်လျက်ရှိပြီး ၁၉၈၇ ခုနှစ်တွင်တစ်ကြိမ်သာ မြင့်တက်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ မန်းချောင်းရေ မြင့်တက်မှုမှာ ဒုတိယအကြိမ်အဖြစ် မှတ်တမ်းဝင်သွားကြောင်း ရွှေစက်တော် ဂေါပကအဖွဲ့မှ သိရသည်။

"၁၉၈၇ ခုနှစ်တုန်းကတော့ မန်းချောင်းရေက အောက်စက်တော်ရာ ပန်းဆွဲထိရောက်ဖူးတယ်၊ ၂၀၁၅ ခုနှစ်မှာ ရင်ပြင်မှာ ၁၅ ပေ ၄ လက်မအထိ တက်ခဲ့ပါတယ်၊ မနှစ်က ဇွန်လမှာ တစ်ခါ၊ ဇူလိုင်လမှာတစ်ခါ၊ စက်တင်ဘာလမှာတစ်ခါ ရေတက်ခဲ့တယ်၊ တစ်ခါတက်ရင်လည်း နာရီပိုင်းပေါ့၊ အစအဆုံး ၁၀ နာရီလောက်ပဲကြာတယ်၊ သုံးပေခွဲ လေးပေက အမြင့်ဆုံးပါ၊ အခုတော့ ၁၂ ရက်ကနေ တက်လာလိုက်တာ ဇွန် ၁၄ ရက်ဆို ရင်ပြင်ထဲမှာ ရေက နှစ်ရက်ကျော်လောက်ရှိနေပြီ၊ ဒုတိယအကြိမ်ရေအမြင့်ဆုံးတက်တဲ့ အနေအထားပါ" ဟု ရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောကြားသည်။

ဇွန် ၁၀ ရက်ညနေ ၃နာရီမိနစ် ၂၀ တွင် အောက်စက်တော်ရာရင်ပြင်ထဲသို့ မန်းချောင်းရေစဝင်ခဲ့ကာ ဇွန် ၁၁ ရက်တွင် ရေအမြင့် လေးငါးပေအထိ တက်လာကြောင်း၊ ဇွန် ၁၂ ရက် နံနက်၌ ရင်ပြင်တော်ပေါ်မှ ရေပြန်ဆင်းသွားသည့်အတွက် ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများက ဒူးဆစ်ခန့်ရှိ ရွှံ့နွံများကို သန့်ရှင်းရေးလုပ်ခဲ့ကြောင်း၊ မိုးအဆက်မပြတ်ရွာသွန်းနေသည့်အတွက် ယင်းနေ့ နံနက် ၁၁ နာရီခန့်တွင် ရင်ပြင်ပေါ်သို့ရေပြန်ဝင်ခဲ့ကာ ဇွန် ၁၃ ရက်တွင် ရေအမြင့် သုံးပေခွဲ လေးပေခန့်ရှိနေရာမှ ည ၁၂ နာရီခန့်တွင် ငါးပေအမြင့်ထိရောက်လာကြောင်း၊ ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရေဆက်တိုးလျက်ရှိကာ မွန်းလွဲ ၁ နာရီအချိန်၌ ပန်းဆွဲအထိ မန်းချောင်းရေ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

"အောက်စက်တော်ရာ LED ဆိုင်းဘုတ်လည်းမြုပ်သွားပြီ၊ အောက်စက်တော်ရာရင်ပြင်ကနေ ပန်းဆွဲအထိ ၁၈ ပေခွဲ၊ ၁၉ ပေ ခန့်လောက်မြင့်ပါတယ်၊ အခက်အခဲကတော့ ဟိုဘက်နဲ့ဒီဘက်ကူးလို့ မရဘူးပေါ့၊ ရိက္ခာတွေလည်း ပြတ်နေတော့တာပေါ့ဗျာ၊ ဒါပေမယ့်လို့ ဘုရားကြီးရဲ့ပစ္စည်း လေလွင့်ဆုံးရှုံးမှုမရှိစေဖို့ တာဝန်ကျဂေါပကနဲ့ ဝန်ထမ်းများက ရေမိုးလွတ်တဲ့နေရာကို ရွှေ့ပြောင်းသိမ်းဆည်းပြီး ဖြစ်ပါတယ်" ဟု ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

**ဇေယျာတု(မကွေး)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စကုမြို့ရှိ ယာယီရေဘေးခိုလှုံသူများထံသို့ သွားရောက်ထောက်ပံ့

**မကွေး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စကုမြို့ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ရှစ်ရွာမှ ယာယီရေဘေးခိုလှုံသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့က စားနပ်ရိက္ခာထောက်ပံ့ငွေများ လက်ဝယ်အရောက်ပေးအပ် ခဲ့သည်။

ဇွန် ၁၀ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သည် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများသည် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်နေရာ အချို့တွင် ဖြစ်ပွားခဲ့ပြီး အများဆုံးဖြစ်ပွားခဲ့သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နေရာဒေသများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံးသွားရောက် ထောက်ပံ့လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် စကုမြို့ဂေါ်ဆွမ်းဓမ္မာရုံ၌ ယာယီရေဘေးခိုလှုံသူ ၄၀၁၅ ဦးအတွက် စုစုပေါင်းထောက်ပံ့ ငွေကျပ် ၉၀၆၁၅၀၀ ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အောက်ပုံ)**

ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုများဆောင်ရွက်လျက်ရှိသည့်နည်းတူ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြောက်ဦးမြို့၌ လေးမြို့မြစ် စိုးရိမ်ရေမှတ်အောက်ကျနိုင်

**နေပြည်တော် ဇွန် ၁၅**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၁၆ -၆- ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၆၂)**
၉း၁၀ - News Watch TV
၁၁း၁၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး **လက်တွေ့အသုံးချဆေးနည်းတိုများ (အပိုင်း-၂၇)**
၁၂း၃၀ - **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်းထုတ်လွှင့်မှု အစီအစဉ်(အပိုင်း-၂) (မွန်ပြည်နယ်၊ မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ)**

**ညပိုင်း**

၁၅း၃၀ - Myanmar National League 2018 **ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ရှမ်းယူနိုက်တက် Fc Vs မကွေးFc)**
၁၇း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇း၄၅ - NHK Program သီးသန့်နှင့် အများကိုစွ
၁၈း၂၀ - ဇာတ်လမ်း အတို အထွာ ပြုံးစရာ **မကျင်ငွေရေးတဲ့စာ** (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်)
၁၈း၃၀ - Tasty Trip
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက် (အပိုင်း-၉၈)**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၆၁)**
- Big Step (Singer - လိမ္မော်သီး)
- ဟိုတုန်းကကက်ဆက်ဇာတ်လမ်းများ **ကြွေး** (စောမြတ်နှင်း၊ ထက်နေချမ်း၊ ဝေယံမင်း၊ A3၊ ချိုတေးလွင်) (ဒါရိုက်တာ- သီတာလင်း)

# အမေရိကန်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးများ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆွေးနွေး

**ဆိုးလ် ဇွန် ၁၅**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကအမေရိကန်နှင့် တောင်ကိုရီးယားတို့၏ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုရပ်တန့်မည်ဟု ပြောကြားခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စုနှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးများသည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆွေးနွေးခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဆောင်ယောင်မူးတို့သည် ဇွန် ၁၄ ရက်က နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများနှင့် ပတ်သက်ပြီး ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့က အမေရိကန်- မြောက်ကိုရီးယားထိပ်သီး အစည်းအဝေးကျင်းပပြီးနောက် အမေရိကန်သမ္မတ ထရန့်က အမေရိကန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံစစ်ရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှုကို ရပ်နားရန်မှာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား ကင်းစင်ရေးဆောင်ရွက်မှု အခြေအနေပေါ်မူတည်ကြောင်း ဖော်ပြခဲ့သည်။

ဆောင်က အမျိုးသားလုံခြုံရေး ကောင်စီအစည်းအဝေးတွင် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းအနေဖြင့် မည်သည့်စကားကို ပြောဆိုခဲ့သလဲဆိုသည်နှင့် ပတ်သက်ပြီး မက်တစ်ကို ပြောခဲ့သည်။

မွန်က တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ်စစ်ရေးဆိုင်ရာ ဖိအားပေးမှုများကို လိုက်လျောညီထွေရှိအောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကိုလည်း ဂရုတစိုက်စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အဆိုပါ ကိစ္စနှင့် ပတ်သက်ပြီး မက်တစ်နှင့် ဆောင်တို့သည် မကြာမီ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# သမ္မတထရန့်က မြောက်ကိုရီးယားစစ်ဦးစီးချုပ်တစ်ဦးကို အလေးပြုခဲ့သည့်အပေါ် ကန်မီဒီယာများဝေဖန်

**ဝါရှင်တန် ဇွန် ၁၅**

စင်ကာပူ၌ နှစ်နိုင်ငံတွေ့ဆုံပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အနေဖြင့် မြောက်ကိုရီးယားစစ်ဦးစီးချုပ်တစ်ဦးကို အလေးပြုခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်မီဒီယာများက ဝေဖန်လိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားတစ်ခုက ဇွန် ၁၄ ရက်တွင် အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့၏ မှတ်တမ်းတင်ရုပ်မြင်ကို ပြန်လည်ပြသခဲ့သည်။




အဆိုပါ မှတ်တမ်းရုပ်မြင်တွင် အမေရိကန်သမ္မတ ထရန့်အနေဖြင့် မြောက်ကိုရီးယား ပြည်သူ့တပ်မတော်အကြီးအကဲ နိုကွမ်ချိ အလေးပြုသည်ကို ပြန်လည်အလေးပြုနှုတ်ဆက်ခဲ့သည်ကို ထုတ်လွှင့်ခဲ့သည်။

အမေရိကန်သမ္မတတစ်ဦးအနေဖြင့် မြောက်ကိုရီးယားကဲ့သို့သော အာဏာရှင်အစိုးရကို ထိုကဲ့သို့အလေးပြုနှုတ်ဆက်သည့်မြင်ကွင်းအပေါ် များစွာသော အမေရိကန်မီဒီယာများက ပြစ်တင်ခဲ့ကြသည်။

အဆိုပါကိစ္စမှာ ပုံမှန်သံတမန်ဆိုင်ရာ ယဉ်ကျေးမှုတစ်ခုအနေဖြင့် နှုတ်ဆက်ခြင်းသာဖြစ်ကြောင်း အိမ်ဖြူတော် သတင်းပြန်ကြားရေးအကြီးအကဲ ဆာရာ ဆန်ဒါးက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများကို အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်

**ထရီပိုလီ ဇွန် ၁၅**

လစ်ဗျားနိုင်ငံတောင်ပိုင်း ဘန်နီဝါလစ်မြို့ရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောသည်။ အမေရိကန်ကျောထောက်နောက်ခံပြုထားသော လစ်ဗျားအစိုးရ၏အဆိုအရ လေကြောင်းတိုက်ခိုက်မှုကို ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွတစ်ဦးသေဆုံးခဲ့ကြောင်း ကြာသပတေးနေ့ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ စစ်သွေးကြွများကို နှိမ်နင်းရန်ဖြစ်ပြီး ယင်းလေကြောင်းမှပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးမျှ သေဆုံးခဲ့ခြင်းမရှိကြောင်း သိရသည်။ လွန်ခဲ့သောသီတင်းပတ်ကလည်း ထရီပိုလီမြို့တောင်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အစ္စလာမ်စစ်သွေးကြွလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီဂျစ်အစိုးရအဖွဲ့အတွင်း ဝန်ကြီးများ အပြောင်းအလဲပြုလုပ်

**ကိုင်ရို ဇွန် ၁၅**

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖက်တက် အယ်စီစီသည် ၎င်းအစိုးရအဖွဲ့၏ဝန်ကြီးဟောင်း နှစ်ဦးကို သမ္မတလက်ထောက်အဖြစ် ခန့်အပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် MENA တွင် ဖော်ပြထားသည်။ သမ္မတစီစီလက်ထက်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဆာဒစ်ဆော့ဟိုင်းကို ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ တိုင်ပင်ရန်အတွက် သမ္မတ၏လက်ထောက်အဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝန်ကြီးချုပ်ဟောင်း ရှီရက်ဖ်အစ္စမေးလ်ကိုလည်း တိုင်းပြည်အရေးနှင့် မဟာဗျူဟာစီမံကိန်းများတိုင်ပင်ရန်အတွက် သမ္မတလက်ထောက်အဖြစ်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ မစ္စတာ ရှီရက်ဖ်အစ္စမေးလ်သည် ဇွန် ၅ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်ပြီး ယခုအခါ သမ္မတလက်ထောက်အဖြစ် ပြန်လည်ခန့်အပ်ခံရခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်အသစ် မိုစ်တာဖာ မက်ဒ်ဘူလီ လက်အောက်တွင်တာဝန်ထမ်းဆောင်လျက်ရှိသော အိုးအိမ်ဝန်ကြီးသည် ယခုအခါကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အသစ်ပြန်လည်ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့တွင် အမျိုးသမီးရှစ်ဦးပါဝင်လာပြီး ၁၂ ဦးမှာအဖွဲ့ဝင်အသစ်များဖြစ်သည်။ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲလုပ်သည့်ဝန်ကြီးဌာနများမှာ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနှင့်စက်မှု၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ဆက်သွယ်ရေး၊ အားကစားအစရှိသည့်ဌာနတို့ပါဝင်သည်။

**ဆင်ဟွာ**

# ဆော်ဒီ၌ တိမ်းရှောင်နေသော ယီမင်သမ္မတ အေဒင်မြို့သို့ပြန်လည်ရောက်ရှိ

**အေဒင် ဇွန် ၁၅**

နိုင်ငံတကာမှ အသိအမှတ်ပြုထားသော ယီမင်သမ္မတအဗ္ဗရက်ဘူမန်ဆောဟေဒီသည် ကြာသပတေးနေ့က ဆိပ်ကမ်းမြို့ဖြစ်သည့် အေဒင်မြို့သို့ ရောက်ရှိခဲ့ကြောင်း လေဆိပ်မှ သတင်းရင်းမြစ်များမှ ဆင်ဟွာသို့ ပြောသည်။ ယီမင်သမ္မတသည် ယီမင်နိုင်ငံမှ ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်သို့ လွန်ခဲ့သောတစ်နှစ်ခန့်က ထွက်ပြေးသွားခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် အာမက်အိုဘစ်အင်ဒါဟာနှင့် အဆင့်မြင့်အရာရှိကြီးများလေဆိပ်သို့ရောက်ရှိပြီး နာရီအနည်းငယ်အကြာတွင် ယီမင်သမ္မတလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်သတင်းရင်းမြစ်မှ ပြောသည်။ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတပ်ဖွဲ့ဝင်ခေါင်းဆောင်များ အေဒင်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စုဝေးခဲ့ကြပြီး ယီမင်သမ္မတကို နှုတ်ဆက်ခဲ့ကြသည်။

ယီမင်သမ္မတသည် လက်ရွေးစင်တပ်သားများ၊ သံချပ်ကာကားများဖြင့် အေဒင်မြို့တွင် တပ်ဖြန့်ချထားကြောင်းလည်း သတင်းရင်းမြစ်တစ်ခုက ပြောသည်။ သမ္မတဟေဒီသည်အေဒင်မြို့၌ အချိန်အတန်ကြာနေထိုင်ဦးမည်ဖြစ်ကြောင်းလည်း သမ္မတနှင့် ရင်းနှီးသည့်အသိုင်းအဝိုင်းမှ ဆင်ဟွာသို့ ပြောသည်။

ဟူသီသူပုန်များလက်ထက်မှ ဟိုဒေးဒါဒေသ လွတ်မြောက်ရေးအတွက် စစ်ဆင်ရေးကြီးဆင်နွှဲလျက်ရှိရာ ယင်းစစ်ဆင်ရေးကိုသမ္မတက အနီးကပ်ကြီးကြပ်မည် ဖြစ်သည်။ ယင်းပူးပေါင်းစစ်ဆင်ရေးအတွက် ဆွေးနွေးမည့်ရုံးကို အေဒင်မြို့တွင် အခြေစိုက်ထားသည်။

အီရန်က ကျောထောက်နောက်ခံပြုထားသော ဟူသီသူပုန်များသည် မြို့တော်ဆာနားအထိ သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်တွင် ယီမင်သမ္မတနှင့် ၎င်း၏အစိုးရအဖွဲ့မှာ မြို့တော်အေဒင်သို့ ထွက်ပြေးခဲ့ရသည်။ တစ်ဆက်တည်းမှာပင် ဟူသီသူပုန်များကိုထောက်ခံသော တပ်ဖွဲ့ဝင်များက အေဒင်မြို့သို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ယီမင်သမ္မတမှာ ဆော်ဒီအာရေဗျသို့ထွက်ပြေးခဲ့ရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံနယူးဒေလီမြို့၏ လေထုအရည်အသွေး အန္တရာယ်ရှိသည့်အဆင့် ရောက်ရှိ

**နယူးဒေလီ ဇွန် ၁၅**

အိန္ဒိယနိုင်ငံမြို့ကြီးများရှိပြည်သူများသည် အန္တရာယ်ရှိသည့် လေထုညစ်ညမ်းမှုကိုဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ ဒေသခံ မိုးလေဝသရုံးမှ အာဏာပိုင်များသည် နယူးဒေလီမြို့ရှိ လေထုအရည်အသွေးမှာ ဆိုးရွားလျက်ရှိကြောင်း ပြောသည်။

နိုင်ငံအနောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ဖုန်မုန်တိုင်းကြောင့်ဟု ယူဆရသည့် ယခုကဲ့သို့ လေထုညစ်ညမ်းမှုများမှာ ရက်အနည်းငယ်အတွင်းပြီးဆုံးသွားမည်မဟုတ်ကြောင်း အာဏာပိုင်များက သတိပေးမှုများ ပြုလုပ်ထားသည်။

နယူးဒေလီမြို့ရှိ လမ်းမများထက်တွင် လေ၏သိပ်သည်းဆမှာ မြင့်မားလျက်ရှိကြောင်း လူများကိုလည်း အိမ်အတွင်း၌သာနေထိုင်ရန်နှင့် အပြင်ထွက်ပါကလည်း မျက်နှာဖုံးများတပ်ဆင်ပြီးမှ ထွက်ကြရန် သတိပေးမှုများ ပြုလုပ်ထားသည်။

ဒေသခံများကမူ အိမ်အပြင်ထွက်ရသည်မှာ သက်သောင့်သက်သာမရှိကြောင်းပြောသည်။ ဒေလီမြို့ရှိလေထုညစ်ညမ်းမှုကြောင့် မျက်လုံးကျိန်းစပ်သည့် ဒဏ်ခံစားရကြောင်း နံနက်စောစောလမ်းလျှောက်ထွက်လျှင်လည်း အသက်ရှူမဝကြောင်း ဒေသခံတစ်ဦးက ပြောသည်။ နယ်သာလန်နှင့် ဗြိတိန်မှ ကုမ္ပဏီများသည် ယင်းကိစ္စကိုအကူအညီပေးရန် ကြိုးပမ်းလျက်ရှိသည်။

လေထုထဲမှ အဆိပ်အတောက်ဖြစ်နိုင်သည့် အမှုန်အမွှားများကို ဖယ်ရှားစစ်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ မြို့အတွင်း လေထုသန့်စင်ဖုန်ဖန်တီးပေးနိုင်ရေး ရည်ရွယ်ထားသည်။ နယူးဒေလီမြို့သည် ကားများမှ မီးခိုးထုတ်လွှတ်မှုနှင့် စက်ရုံကြီးများမှ မီးခိုးထွက်ရှိမှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ဖုန်များအစရှိသည်များကြောင့် လေထုညစ်ညမ်းသည့်ဒဏ်ကို နှစ်ပေါင်းများစွာရန်းကန်ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**



# အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ဃ) ရောင်းချငှားရမ်းမည့် အိမ်ခြံမြေကို ဝယ်ယူငှားရမ်းမည့်သူအား လိုက်လံပြသပေးရမည်။

(င) ဝယ်ယူငှားရမ်းမည့်သူအား ဝန်ဆောင်မှုရယူသူနှင့် ဆက်သွယ်ညှိနှိုင်းပေးရမည်။

(စ) ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အိမ်ခြံမြေလွှဲပြောင်းမှုတရားဝင်ခိုင်မာစေရန် လိုအပ်သည့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြီးစီးသည်အထိ ဆောင်ရွက်ပေးရမည်။

(ဆ) ဝန်ဆောင်မှုပေးသူက ဝန်ဆောင်မှုရယူသူအား အခွန်အခကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပေးရမည်။

(ဇ) ဝန်ဆောင်မှုရယူသူက မိမိ ငှားရမ်းရောင်းချလိုသော အိမ်ခြံမြေအား မမှန်မကန် ပြသငှားရမ်းရောင်းချခဲ့လျှင် ဝန်ဆောင်မှုပေးသူတွင် တာဝန်မရှိစေရ။ သို့ရာတွင် ဝန်ဆောင်မှုပေးသူက မမှန်မကန်ပူးပေါင်းဆောင်ရွက်ခဲ့လျှင် ၎င်းတွင်လည်း တာဝန်ရှိစေရမည်။

**အခန်း (၈)**

**ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ**

၁၄။ ဤဥပဒေအရ ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူတို့သည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရာတွင် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံခြင်း စာချုပ်ကို ချုပ်ဆိုရမည်။

(ခ) ဝန်ဆောင်မှုရယူသူသည် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက်သဘော တူညီထားသည့်အတိုင်း ဝန်ဆောင်ခပေးရန် တာဝန် ရှိသည်။

(ဂ) လုပ်ငန်းအပ်နှံခြင်းစာချုပ် ချုပ်ဆိုရာတွင် ဝန်ဆောင်ခများကို ဖော်ပြပါရှိရမည်။

(ဃ) ဝန်ဆောင်မှုပေးသူသည် အရောင်းအဝယ်ကိစ္စအတွက် ဝန်ဆောင်ခကို ရောင်းချသူ ထံမှသာ ရယူခွင့်ရှိသည်။ ဝယ်သူအတွက် လုပ်ငန်းလိုအပ်ချက်အရ သီးခြား ဝန်ဆောင်မှု ဆောင်ရွက်ပေးရပါက ထိုလုပ်ငန်းအတွက် ဝယ်ယူသူထံမှ သီးခြားဝန်ဆောင်ခရယူခွင့်ရှိသည်။

(င) မည်သည့်ဝန်ဆောင်မှုရယူသူမဆို ဝန်ဆောင်မှုပေးသူနှင့် လုပ်ငန်းအပ်နှံခြင်းစာချုပ် ချုပ်ဆို၍ ဝန်ဆောင်မှုရယူပြီးနောက် လုပ်ငန်းအပ်နှံခြင်းကို ပြန်လည်ရုပ်သိမ်းလိုကြောင်း အသိပေး အကြောင်းကြားရန် ပျက်ကွက်လျှင် နှစ်ဦးသဘောတူထားသည့် ဝန်ဆောင်ခ အပြည့်အဝကို ဝန်ဆောင်မှုပေးသူထံသို့ ပေးအပ်ရမည်။

(စ) ဝန်ဆောင်မှုပေးသူသည် ဝန်ဆောင်ခရယူထားပါလျက် လုပ်ငန်းအပ်နှံခြင်း စာချုပ်အရ တာဝန်ယူထားသည့် ဝန်ဆောင်မှုလုပ်ငန်းကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် ရယူထားသော ဝန်ဆောင်ခ အပြည့်အဝကို ဝန်ဆောင်မှုရယူသူထံသို့ ပြန်လည်ပေးအပ်ရမည်။

(ဆ) မည်သည့်အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းတွင်မဆို ဝန်ဆောင်မှုရယူသူသည် လုပ်ငန်းအပ်နှံခြင်းစာချုပ်အရ ဝန်ဆောင်မှုကို ရယူထားပါလျက် ဝန်ဆောင်မှု ပေးသူ၏နောက်ကွယ်တွင် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းပြုခဲ့လျှင် နှစ်ဦး နှစ်ဖက်သဘောတူထားသည့် ဝန်ဆောင်ခကို ဝန်ဆောင်မှုပေးသူထံသို့ ပေးအပ်ရမည်။

**အခန်း (၉)**

**မှတ်ပုံတင်ခြင်း၊ ယာယီလိုင်စင်နှင့် လိုင်စင်ထုတ်ပေးခြင်း**

၁၅။ ဤဥပဒေ စတင်အာဏာတည်သည့်အချိန်တွင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် တစ်နှစ်အတွင်း လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ယာယီလိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ယာယီလိုင်စင်၏ သက်တမ်းမှာ သုံးနှစ် ဖြစ်သည်။

၁၇။ ယာယီလိုင်စင်ရရှိသူသည် သုံး နှစ်သက်တမ်းကာလအတွင်း သတ်မှတ်ထားသော သင်တန်းကို တက်ရောက်၍ လိုင်စင်လျှောက်ထား နိုင်သည်။

၁၈။ ပုဒ်မ ၁၅ အရ ယာယီလိုင်စင် လျှောက်ထားခွင့်ကာလ တစ်နှစ်ကုန်ဆုံးပြီးနောက် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်၍ သတ်မှတ်ထားသောသင်တန်းတက်ရောက်ပြီး လိုင်စင်လျှောက်ထားနိုင်သည်။

**အခန်း(၁၀)**

**ရန်ပုံငွေထူထောင်ခြင်း**

၁၉။ ဗဟိုကော်မတီသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ခွင့်ရှိသည်-

(က) နိုင်ငံတော်အစိုးရထောက်ပံ့ငွေ၊

(ခ) အလှူငွေ၊

(ဂ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေးနှင့် အခြားရငွေများ။

၂၀။ ဗဟိုကော်မတီသည် ဘဏ္ဍာရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး အဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ဘဏ္ဍာရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၁၁)**

**ဝန်ဆောင်မှုဆိုင်ရာစည်းကမ်းချက်များ**

၂၁။ မည်သူမျှယာယီလိုင်စင် သို့မဟုတ် လိုင်စင်မရှိဘဲ အသက်မွေးဝမ်းကျောင်းအဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၂၂။ ဝန်ဆောင်မှုရယူသူ မည်သူမျှလုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခပေးရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၃။ ဝန်ဆောင်မှုရယူသူမည်သူမျှ ဝန်ဆောင်မှုပေးသူထံ လုပ်ငန်းအပ်နှံခြင်းကို ပြန်လည် ရုပ်သိမ်းလိုကြောင်း အကြောင်းကြားခြင်းမရှိဘဲ အခြားဝန်ဆောင်မှုပေးသူနှင့် ဆက်သွယ် ဆောင်ရွက်ပါက မူလဝန်ဆောင်မှုပေးသူအား လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခ အပြည့်အဝကို ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၄။ ဝန်ဆောင်မှုပေးသူမည်သူမျှ ဝန်ဆောင်ခရယူထားပါလျက် လုပ်ငန်းအပ်နှံခြင်းစာချုပ်အရ တာဝန်ယူထား၍ ဝန်ဆောင်မှုလုပ်ငန်းကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆောင်ရွက်ပေးစဉ် ပျက်ကွက်လျှင် ရယူထားသော ဝန်ဆောင်ခအပြည့်အဝကို ဝန်ဆောင်မှုရယူသူထံသို့ ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၅။ ဝန်ဆောင်မှုရယူသူ မည်သူမျှ လုပ်ငန်းအပ်နှံခြင်းစာချုပ်အရ ဝန်ဆောင်မှုရယူထားပြီး ဝန်ဆောင်မှုပေးသူ၏ နောက်ကွယ်တွင် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း ပြုခဲ့လျှင် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် ဝန်ဆောင်ခကို ဝန်ဆောင်မှုပေးသူထံ ပေးအပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

**အခန်း (၁၂)**

**အရေးယူဆောင်ရွက်ခြင်း**

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄နှင့် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ အရေးယူ ဆောင်ရွက်ရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ရှေ့နေရှေ့ရပ်တို့၏ ရှေ့နေရှေ့ရပ်လုပ်ငန်းဆိုင်ရာများနှင့် သက်ဆိုင်မှု မရှိစေရ။

၂၉။ လိုင်စင်ရရှိရန်လျှောက်ထားသူ သို့မဟုတ် လိုင်စင်ရရှိထားသူသည် လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက လိုင်စင်ကို ရုပ်သိမ်းခြင်းခံရမည်။

၃၀။ ဗဟိုကော်မတီသည် အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ် သို့မဟုတ် ကောလိပ်တို့တွင် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်သည်။

၃၁။ ဗဟိုကော်မတီသည် အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ခြံမြေ ဝန်ဆောင်မှု သင်တန်းကျောင်းများ၊ တက္ကသိုလ် သို့မဟုတ် ကောလိပ်များ ပေါ်ထွန်းလာစေရန် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ဤဥပဒေအရ ငွေကြေးသုံးစွဲမှုကိစ္စရပ်များကို ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုခံယူရမည်။

၃၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ ရေးဆွဲထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## မန္တလေးခရိုင် အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**

မန္တလေးခရိုင်အတွင်း ဝန်အားနိုင်နင်းစွာဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံကို အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်ကို ၂၃၀ ကေဗွီ မြောက်ပြင်ဓာတ်အားခွဲရုံနှင့် ရွှေစာရံခွဲရုံ၊ ၁၃၂ ကေဗွီ တံခွန်တိုင်ခွဲရုံနှင့် အောင်ပင်လယ်ခွဲရုံတို့မှ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဖြန့်ဖြူးပေးလျက်ရှိရာ ခွဲရုံများ၌ ဝန်အားပြည့်နေ၍လည်းကောင်း၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းများ၏ ဓာတ်အားသယ်ပို့နိုင်မှုမှာ နိုင်နင်းမှုမရှိ၍ လည်းကောင်း ရံဖန်ရံခါ ဝန်အားလျှော့ချရခြင်းနှင့် ဓာတ်အားပြတ်တောက်ခြင်းများ ကြုံတွေ့ခဲ့ရကြောင်း၊ ဓာတ်အားစနစ်အတွင်း ဓာတ်အား လုံလောက်မှုအခြေအနေအရ မေလတတိယပတ်က မန္တလေးခရိုင်အတွင်း ၃၅ မဂ္ဂါဝပ်နှင့် အခြားခရိုင်များတွင် ၁၅ မဂ္ဂါဝပ်ကို နာရီပိုင်းအလိုက် လျှော့ချပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ အခြေအနေများအား ကုစားပေးနိုင်ရန်အတွက် မြေအခြေအနေပေးသည့် ၁၃၂ ကေဗွီ အောင်ပင်လယ်ဓာတ်အားခွဲရုံကို ရွေးချယ်၍ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းနှင့် ၂၃၀/၁၃၂ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးကို ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိရာ ၂၃၀ ကေဗွီ အဝင်/ အထွက်ဓာတ်အားလိုင်းကို ဖေပြီ ၂၈ ရက်က တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၀၀ အမ်ဗွီအေ တည်ဆောက်ခြင်းလုပ်ငန်းမှ မေ ၁၉ ရက်တွင် ထရန်စဖော်မာကို Plinth ပေါ်တင်ပြီးဖြစ်၍ ဆက်စပ်ပစ္စည်းများ တပ်ဆင်လျက်ရှိရာ ယခုလအတွင်းပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ လုပ်ငန်းများပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားတိုးတက်သုံးစွဲလာမှုများအတွက် ပြည့်ဝသော ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ခရိုင်အတွင်း နှစ်စဉ်ဓာတ်အားသုံးစွဲမှု ၁၄ ရာခိုင်နှုန်း မြင့်တက်လျက်ရှိရာ မေလအတွင်း အမြင့်ဆုံးဓာတ်အားသုံးစွဲမှုအနေဖြင့် ၃၈၇ ဒသမ ၇ မဂ္ဂါဝပ်နှင့် တိုင်းဒေသကြီးအတွင်းတွင် ၅၈၅ ဒသမ ၈၃ မဂ္ဂါဝပ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

## ရန်ကုန်နှင့် မန္တလေးတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ(၂၀၁၈)ကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၁၈ ကို ရန်ကုန်မြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Trade Training Institute ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းထောင့်ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ် မြန်မာခန်းမ၌ ဇွန် ၁၆ ရက်မှ ၁၇ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ မန္တလေးမြို့တွင် ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ မန္တလေး ဟိုတယ်တွင် ဇွန် ၁၉ ရက်မှ ၂၀ရက်နံနက် ၉ နာရီမှ ညနေ ၅ နာရီ ဖွင့်လှစ်ပြသမည် ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာ သင်တန်းကျောင်းများ၊ နိုင်ငံခြား တက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာ အမျိုးမျိုးတို့ကို အများပြည်သူများမှ သိရှိစေရန်နှင့် ပညာရေးကဏ္ဍပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ စီစဉ်ကျင်းပမည့် ပြပွဲဖြစ်သည်။ **ခင်မောင်သော်**



## အမျိုးသမီးဆရာဝန်အဖွဲ့မှ ရန်ပုံငွေပဒေသာကပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးဆရာဝန်အဖွဲ့၏ ရန်ပုံငွေဖျော်ဖြေပွဲ မတည်အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၄ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း တိုက်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက တိုင်းဒေသကြီးအတွင်းရှိ ၇၅ နှစ်နှင့်အထက် သက်ကြီးဆရာဝန် ၃၀၀ ကျော်အား ပူဇော်ကန်တော့နိုင်ရန်အတွက် ရန်ပုံငွေဖျော်ဖြေပွဲပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မတည်အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးနှင့် ရန်ပုံငွေကပွဲတွင် ပါဝင်ကူညီမည့် အလှဖန်တီးရှင်များကိုယ်စား မိတ်ကပ်ပညာရှင်ကိုမာတို့က လှူဒါန်းပါဝင်ကူညီရသည့်အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စုစုပေါင်းငွေကျပ်သိန်း ၁၄၀ လှူဒါန်းသော အလှူရှင်ရှစ်ဦးအား ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဦးရဲမြင့်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ထို့ပြင် ဇွန် ၂၃ ရက် ည၌ ရန်ပုံငွေဖျော်ဖြေပွဲ ပဒေသာကပွဲကို အနုပညာရှင်များစွာဖြင့် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# စန္ဒရားမျိုးနိုင်၏ စန္ဒရားတီးဟန်များ ပထမဆုံး ပရိသတ်ကို မိတ်ဆက်

•••••• ကိုလင်း ••••••

မြန်မာ့အသံတွင် မကြာခဏ ကြားနေရသော လက်သံပိုင်ရှင်ဖြစ်သည့် ဆရာ စန္ဒရားမျိုးနိုင်က စန္ဒရားပညာကို အသက် ၁၀ နှစ်အရွယ်ကတည်းက စတင်တီးခတ်လာခဲ့ပြီး ၁၉၈၄ ခုနှစ်မှသာ စန္ဒရားပညာကို ဆရာဖြစ်သူ ဦးသိန်းမောင် (မြို့မ) ထံတွင် စနစ်တကျ သင်ကြားခဲ့ပြီးနောက် စန္ဒရားပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုကို တောက်လျှောက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာမှုပြုသော တေးသံစဉ်များကိုသာ အဓိကထားပြီး တီးခတ်ခဲ့သူတစ်ယောက်ဖြစ်ပြီး လှိုင်းတေးသံသွင်းမှ ယခုလ ၁၄ ရက်မှစတင်ပြီး "စန္ဒရားတီးဟန်များ"ဟု အမည်ရသည့် တေးစီးရီးနှင့် စာအုပ်ကို ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ကျွန်တော်က မြန်မာသံစဉ်တွေကို တစိုက်မတ်မတ် တီးခတ်လာတယ်လို့ ပြောနိုင်တဲ့သူပါ၊ ဒီအခွေနဲ့ဆိုရင် ငါးခွေမြောက်လည်း ဖြစ်ပါတယ်၊ အရင်ကတော့ ထွက်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် စာနယ်ဇင်းနဲ့ အခုလို မိတ်မဆက်ခဲ့ဘူး၊ Music ကို လူတိုင်းသုံးခွင့်ရှိတယ်လေ၊ မြန်မာလူမျိုးတစ်ယောက်ကရေးထားတဲ့ သီချင်းဆိုတော့ မြန်မာသံစဉ်တွေပေါ့၊ အခုတစ်ခေါက်မှာတော့ ကျွန်တော်က ထူးထူးခြားခြားစာအုပ်နဲ့၊ အခွေနဲ့ တွဲထုတ်လိုက်တာဖြစ်ပါတယ်၊ အခွေထဲက သံစဉ်တွေကို စာအုပ်မှာ ကြည့်နိုင်ပါတယ်၊ လေ့လာလိုသူတွေအတွက် တစ်ခါတည်း ရည်ရွယ်ပြီး ထုတ်လိုက်တာပါ၊ ဒီအခွေထဲမှာ ကျွန်တော်တတ်သိသလောက်




ဂီတသီအိုရီလေးတွေကို ဖန်တီးထားပါတယ်၊ အခွေထဲမှာ ဂီတပိုင်းကို ကော့ဒ်လေးတွေ၊ ဟာမိုနီလေးတွေကို အနည်းငယ်ပြောင်းထားပါတယ်၊ စန္ဒရားပညာကို အရင်က သင်ဖို့ဆိုတာ အင်မတန်ကို ခက်ခဲတယ်၊ ကျွန်တော်တို့ ခေတ်တုန်းကဆို ပိုဆိုးတာပေါ့နော်၊ အဲဒီတုန်းကဆိုရင် အော်ဂင်လားဆိုပြီး မေးကြတယ်။ စန္ဒရားမှန်းမသိကြဘူး၊ ကျွန်တော်ကလည်း အော်ဂင်မတီးချင်ဘူး၊ အဲဒီတော့ Super Star ဆိုတဲ့ တီးဝိုင်းမှာ စန္ဒရားရှိတော့ ခဏတီးဖြစ်ခဲ့တယ်၊ နောက်ပိုင်းမှာ ကျွန်တော် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ လက်စွမ်းပြ ပုံမှန်တီးခတ်ရင်း အခွေလေးတွေ ထုတ်ဖြစ်ခဲ့တယ်၊ အခုအခွေကတော့ ငါးခွေမြောက်ပါ"ဟု စန္ဒရားမျိုးနိုင်က ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးရေးဆရာ မြို့မငြိမ်းနှင့် ရွှေတိုင်ညွှန့်တို့၏ သီချင်းများကို Solo အဖြစ် ပြန်လည်ဖန်တီးထားကြောင်း၊ အဆိုတော်ကြီး ဦးအံ့ကြီး သီချင်းများ ပါဝင်ကြောင်း သိရသည်။

# မီဒီယာဆုနှင့် Queen Universe of The Day ဆုကို ချစ်မြတ်နိုးထိုက် ဆွတ်ခူး




မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် Miss Jewel of the World 2018 အတွက် ဧပြီလကရွေးချယ်ခဲ့သော်လည်း အလှမယ် ပန်းသွေး၏ ကျန်းမာရေးအခြေအနေများကြောင့် အလှမယ်ချစ်မြတ်နိုးထိုက်တို့၏ မေ ၁၆ ရက် မှ ၂၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပြုလုပ်သော Miss Jewel of the World 2018 ပွဲသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ ချစ်မြတ်နိုးထိုက်မှာ မြန်မာရုပ်သေးအကဖြင့် Best Talent Award ဆုနှင့် ဖိလစ်ပိုင်မီဒီယာများ ရွေးချယ်ပေးခဲ့သော Darling of the Press ဆုကိုလည်း ဖိလစ်ပိုင်အလှမယ်နှင့်အတူ ပူးတွဲရရှိခဲ့ကြောင်းသိရပြီး Grand Final တွင် ထပ်မံပြီး ဖိလစ်ပိုင်နိုင်ငံ၏ တစ်နှစ်တာ ပညာသင်ဆုအဖြစ် Queen Universe of the Day ဆုများကိုပါ ရရှိခဲ့ကြောင်း သိရသည်။

"ကျွန်မက မွန်ပြည်နယ် ဖားအောက်ကျေးရွာက သာမန်အရပ်သူလေး တစ်ယောက်ပါ၊ Winner ဆု မဆွတ်ခူးနိုင်ခဲ့ပါဘူး၊ အဲဒီလို မဆွတ်ခူးနိုင်ခဲ့ပေမယ့် အခြားဆုတွေ ရရှိခဲ့ပါတယ်၊ ကြိုးစားခဲ့ပေမယ့် Winner နဲ့လွဲခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်၊ ဒီပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့်ရဖို့ မမျှော်လင့်ထားပါဘူး၊ မထင်မှတ်ဘဲ မပန်းသွေးက ဆရာဝန်ရဲ့ ဆေးစာအရ ကျန်းမာရေးအတွက် ခဏတာ အနားယူရမယ်ဆိုပြီး ပြောလာလို့ သမီးကို အစားထိုးစေလွှတ်ခဲ့တာပါ၊ ရန်ကုန်ကိုရောက်လာပြီး ဒီပြိုင်ပွဲအတွက် လုပ်ဆောင်ရတာလည်း ဖြစ်တယ်၊ ကြိုတင်ပြင်ဆင်မှုတွေ မလုပ်ရပေမယ့် Talent ပိုင်းဖြစ်တဲ့ ရုပ်သေးအတတ်ကိုတော့ ရထားပါတယ်၊ မြန်မာ့ရိုးရာ ရုပ်သေးအကနဲ့ ပြသခဲ့တယ်၊ National Costune ကိုတော့ အမရပူရခေတ် အိမ်ရှေ့စံရိုးရာဝတ်စုံနဲ့ ယှဉ်ပြိုင်ပြသခဲ့ပါတယ်၊ ကျွန်မကို သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဌေးက ရုပ်သေးအကကို သင်ကြားပေးခဲ့ပါတယ်" ဟု အလှမယ် ချစ်မြတ်နိုးထိုက်က ပြောကြားသည်။

ကိုလင်း

# ဆုကြေးငွေ ဘတ်တစ်သန်းရရှိနိုင်သည့် ထိုင်းအလှမောင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်

ထိုင်းနိုင်ငံ၌ သရုပ်ဆောင် ဖြစ်ခွင့်ရမည့် The Face Men Thailand ကို မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်တစ်ဦး စေလွှတ်မည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲနှင့် ပတ်သက်ပြီး "ဒီအစီအစဉ်က ၂၀၁၇ ခုနှစ် ဇူလိုင်လက ထိုင်းနိုင်ငံမှာ စတင်ပြသခဲ့တဲ့ Reality TV အစီအစဉ်တစ်ခု ဖြစ်ပါတယ်၊ ပြိုင်ပွဲဝင်တွေအားလုံးကို အိမ်တစ်အိမ်မှာ စုနေပြီး Star တစ်ယောက်ဖြစ်ဖို့ အတွက် ကိုယ့်ရဲ့ကိုယ်ရည်ကိုယ်သွေး ဆွဲဆောင်နိုင်မှု၊ ကျန်းမာကြံ့ခိုင်မှုတွေကို ထိုင်းနိုင်ငံမှာရှိတဲ့ ဆရာတွေက အပတ်စဉ် Training ပေးပြီး အဆင့်ဆင့် ဝင်ရောက်ယှဉ်ပြိုင်စေတာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံကိုယ်စားပြု ရွေးချယ်ခံရဖို့အတွက် အရင်ဆုံး ဆန်ခါတင်အဆင့်အနေနဲ့ လာရောက်ပြိုင်တဲ့သူတွေရဲ့ပြိုင်ပွဲဝင် ဗီဒီယိုမှတ်တမ်းတင်ပြီး ယှဉ်ပြိုင်သူထဲကနေ Top 20 ကို ရွေးချယ်ထားတာပါ၊ ဒီနေ့ပွဲကတော့ Top 20 ထဲကနေ The Face Men Thailand ကို သွားရောက်ယှဉ်ပြိုင်ဖို့ ရွေးတာပါ၊ အခုပြိုင်ပွဲမှာ ရွေးချယ်ခံရသူက The Face Men Thailand TV Show မှာ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရပါပြီ၊ The Face Men Thailand TV Show မှာ အနိုင်ရခဲ့ပြီဆိုရင်တော့ ဆုကြေးငွေ ဘတ်တစ်သန်း ရရှိမှာဖြစ်တဲ့ အပြင် Sponsor များနဲ့ ကြော်ငြာရိုက်ကူးခွင့်၊ ထိုင်းမှာ သရုပ်ဆောင်ခွင့်တွေ ရရှိမှာဖြစ်ပါတယ်"ဟု The Face Men Thailand ပြိုင်ပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဩဂုတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် The Face Man Thailand ပွဲကြီးသို့ မြန်မာကိုယ်စားပြုအဖြစ် Winner WaiZin နှင့်၊ 1St Runner up Zin Bo Chan၊ 2nd Runner up Myat Min San တို့ သွားရောက်မည်ဟု သိရသည်။

"ကျွန်တော်က ထိုင်းမှာ လုပ်တဲ့ Season 1 ကို ကြည့်ပြီးကတည်းက ဒီပွဲကို စိတ်ဝင်စားခဲ့တာပါ၊ ဒီနှစ်မှာတော့ အာရှက မော်ဒယ်တွေကို ဖိတ်ခေါ်ပြီး ကျင်းပမယ်ဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံလည်းပါတာမို့ ဒီလိုအခွင့်အရေးရလာတုန်း ယှဉ်ပြိုင်ဖြစ်သွားတာပါ၊ သူ့ပွဲက အဓိကအနေနဲ့ Mister ပွဲမဟုတ်တော့ မော်ဒယ်ရယ်၊ သရုပ်ဆောင်ရယ်ကိုအဓိကထား ရွေးတာပါ၊ ကျွန်တော့်အနေနဲ့လည်း အဲ့ဒီပွဲနဲ့က အဆင်ပြေမယ်ထင်ပြီး ဝင်ပြိုင်ဖြစ်ခဲ့တာပါ၊ ပြီးတော့ ပြိုင်ပွဲကလည်း သုံးဦးလုံး သွားပြိုင်ရမယ်ဆိုတော့ အလွန်ကို ဝမ်းသာရပါတယ်၊ သူတို့ ရွေးချယ်မှာက မော်ဒယ်ပိုင်းတွေ၊ သရုပ်ဆောင်ပိုင်းတွေ ရွေးမှာဆိုတော့ ကျွန်တော့်အတွက်ကတော့ ထွေထွေထူးထူး ပြင်ဆင်စရာ မလိုပါဘူး၊ ဒါပေမယ့် ကြိုးစားရမှာတော့ အမှန်ပါပဲ၊ ပြိုင်ပွဲက နှစ်ခုပါ၊ ဩဂုတ်နဲ့ စက်တင်ဘာတစ်ပတ်ကို တစ်ယောက်ဆီ ပြိုင်ပွဲကနေ ထုတ်ပယ်တာမျိုးတော့ ရှိပါတယ် "ဟု 2nd Runner up ဆုရှင် မြတ်မင်းစံက ပြောသည်။ ကိုလင်း






# မျိုးဆက်သစ်တွေကို မြေတောင်မြှောက်ပေးတဲ့ကိစ္စက မလွယ်ဘူးဟု ချမ်းချမ်းပြောကြား

အဆိုတော် ချမ်းချမ်းက နောက်ဆုံးထွက်ရှိထားသော "သို့ ---ချစ်နေတုန်းပဲ" တေးစီးရီးကို အမ်တီဗွီအဖြစ် ဖန်တီးနေကြောင်း သိရသည်။

"ဒီနှစ်ကုန်ပိုင်းလောက် ထွက်ဖို့မှန်းထားပါတယ်၊ အတွဲခွေရယ် အွန်လိုင်းမှာတင်ဖို့အတွက် သီချင်းတစ်ပုဒ် လုပ်နေပါတယ်၊ Melody World အတွက်၊ အမှတ်တရအခွေလေး လုပ်နေပါတယ်၊ VCD ကမလောဘူး အချိန်ပေးလုပ်နေပါတယ်၊ ဖြည်းဖြည်းချင်းရိုက်နေတယ်၊ အားပေးတဲ့ ပရိသတ်အတွက် အကောင်းဆုံးလုပ်မယ်၊ ကျွန်မလုပ်ချင်တဲ့ ဇာတ်လမ်းပုံစံလေးကို ထုတ်လုပ်သူနဲ့ တိုင်ပင်ပြီးတော့ လုပ်သွားမယ်"ဟု ချမ်းချမ်းက ပြောကြားသည်။

ချမ်းချမ်းက Myanmar Idol Season 1 တွင် ဒိုင်အဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ပြီး သံစဉ်များနှင့်ကမ္ဘာ သီချင်းဆိုပြိုင်ပွဲမှ ဂီတလောကထဲကို ဝင်ရောက်လာခဲ့သည်။ ချမ်းချမ်းက သီချင်းဆိုပြိုင်ပွဲများနှင့်အတူ ရပ်နားတော့မည်ဟု သိရှိရသည့် " Melody World " အပေါ် သူ၏ အမြင်ကို ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ အဆိုပြိုင်ပွဲတွေ မပေါ်ခင်ကတည်းက Melody World စပေါ်လာတယ်၊ Melody World ကနေထွက်လာတဲ့ ကလေးတွေ အားလုံးကလည်း ဂီတအနုပညာလောကမှာ ရပ်တည်နေကြတယ်၊ ပြီးတော့ ကြိုက်တဲ့လူ လက်ညှိုးထိုးကြည့် Melody World ကျောင်းဆင်းတွေချည်းပဲ၊ အစ်မက အခု Melody World ဆက်မလုပ်တော့ဘူးဆိုပေမယ့် အစ်မ မသိမ်ငယ်ဘူး၊ ဆရာတွေ စိတ်ဓာတ်မကျနဲ့ဆိုပြီး ဆရာတို့ကို ခွန်အားပေးတဲ့သဘောပါပဲ၊ ဆရာတို့ ဒီအနုပညာလောကမှာ ကြည့်ကြည့်လိုက် ဆရာတို့ တပည့်တွေချည်းပါပဲလို့ ပြောချင်တဲ့သဘောပဲလေ၊ ဟိုပြိုင်ပွဲက ကလေးမကောင်းဘူး၊ ဒီပြိုင်ပွဲက ကလေးကောင်းတယ်လို့ တစ်ခါမှမပြောခဲ့ဘူး၊ လူဆိုတာက ကိုယ့်စိတ်ကိုလုံဖို့တော့ လိုတာပေါ့နော်၊ အစ်မကတော့ ဘယ်တေးရေးဆရာကို ရည်ညွှန်းတယ်လို့တော့ မရှိပါဘူး၊ သူတို့ ခံစားချက်က သူတို့ခံစားချက်ပေါ့နော်၊ အစ်မနဲ့တော့ မဆိုင်ဘူးပေါ့၊ အဲ့လိုကြားရတော့ စိတ်မကောင်းဘူး၊ ကိုယ်တိုင် ဒိုင်လုပ်လာတဲ့အခါမှာ ဆရာတွေရဲ့စိတ်ကို နားလည်လာတယ်၊ ဆရာကေအေတီ၊ အန်တီဂျိုက်စ်တို့၊ ဆရာမြင့်မိုးအောင်တို့ဆို သိပ်အပင်ပန်းခံတယ်၊ အမုန်းခံတယ်၊ ကိုယ့်အလှည့်ကျတော့လည်း မျိုးဆက်သစ်ဆိုတာ ဒီလိုပဲရှာရတယ်၊ ကိုယ်တွေတုန်းကလည်း ဒီလိုပဲ ဆရာတွေ မြေတောင်မြှောက်ပေးလို့၊ လက်ဆွဲခေါ်ခဲ့လို့ဆိုတဲ့စိတ်နဲ့ Myanmar Idol ပြိုင်ပွဲမှာ ဒိုင်လုပ်ပေးခဲ့တယ်၊ အကောင်းဆုံးဝေဖန်ခံတယ်၊ အကောင်းဆုံး လူပြောခံတယ်၊ အမုန်းခံခဲ့တယ်၊ အင်တိုက် အားတိုက်လုပ်ပေးခဲ့တယ်၊ ကျေးဇူးတင်လည်းတင်၊ မတင်လည်းရတယ်၊ အစ်မလုပ်တဲ့ လုပ်ရပ်အပေါ်မှာ စိတ်သန့်တယ်၊ အခြားမြန်မာပြည်ကနေ နိုင်ငံခြားသွားပြိုင်မယ့် ကလေးတွေကိုလည်း ဒိုင်လုပ်ပေးခဲ့ဖူးတယ်၊ အဲ့ဒီမှာလည်း စိတ်ရောလူရော သိပ်ပင်ပန်းခဲ့တယ်၊ ဒါပေမယ့် အကောင်းဆုံးလုပ်ပေးခဲ့တယ်၊ Melody World ကမှ အကောင်းဆုံးလို့ ပြောတာမဟုတ်ဘူး၊ သို့ပေမယ့် Melody World က အရည်အချင်းရှိတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ခဲ့တယ်ဆိုတာကို သိစေချင်တာပါ"ဟု ပြောကြားသည်။

ကိုလင်း

## နိုင်ငံတကာ အနုပညာသတင်း

### အမီတာဘာဂျမ်းနေရာမှာ အစားထိုးဖို့ဆိုတာ မဖြစ်နိုင်တဲ့အိပ်မက်တစ်ခုပါလို့ပြောလိုက်တဲ့ အနေးလ်ကပူး

အမီတာဘာဂျမ်းဆိုတာ ဘောလိဝုဒ်ရုပ်ရှင်လောကမှာ အလွှမ်းမိုးနိုင်ဆုံး သရုပ်ဆောင်လို့ သတ်မှတ်ထားရတဲ့လူပါ။ အခုအချိန်မှာ သူ့အသက်ဟာ ၇၅ နှစ်ရှိနေပေမယ့် သူ့ကိုချစ်တဲ့ပရိသတ်တွေရဲ့ အချစ်ကတော့လျော့မသွားသေးပါဘူး။ အနေးလ်ကပူးဆိုတာကလည်း ရုပ်ရှင်လောကမှာ အနှစ် ၄၀ ခန့်ကျင်လည်ခဲ့တဲ့ ဝါရင့်သရုပ်ဆောင်တစ်ဦးပါ။ သူဟာဘောလိဝုဒ်ရုပ်ရှင်တွေမှာသာမက နိုင်ငံတကာက ရုပ်ရှင်တွေ၊ ရုပ်သံဇာတ်လမ်းတွဲတွေမှာပါ ပါဝင်သရုပ်ဆောင်တဲ့ သရုပ်ဆောင်တစ်ဦးပါ။ ရုပ်ရှင်ထူးချွန်ဆုတွေ အများကြီးရရှိထားတဲ့ သရုပ်ဆောင်ဆိုရင်လည်း မမှားပါဘူး။ နာမည်ကျော်မင်းသား ဆယ်မန်ခန်းက အမီတာဘာဂျမ်းရဲ့နေရာကို အစားထိုးဖို့ဆိုရင် အနေးလ်ကပူးပဲရှိတယ်လို့ အင်တာဗျူးတစ်ခုမှာ ဖြေခဲ့ပါတယ်။ ဒါကိုအနေးလ်ကပူးက အမီတာဘာဂျမ်းရဲ့နေရာကို အစားထိုးဖို့ဆိုတာ မဖြစ်နိုင်တဲ့ အိပ်မက်တစ်ခုပါ။ မီဂါစတားကြီးတစ်ဦးဖြစ်တဲ့ အမီတာဘာဂျမ်းဟာ တစ်ဦးတည်းသာရှိတဲ့ အနုပညာရှင်တစ်ယောက်ပါလို့ ပြန်လည်ပြောကြားခဲ့ပါတယ်။

အနေးလ်ဟာ သူ့ရဲ့တွစ်တာစာမျက်နှာမှာ သူ့ကိုဒီလိုမျိုးအမီတာဘာဂျမ်းနဲ့ တစ်တန်းစားတည်း သတ်မှတ်ခဲ့တဲ့အတွက် ဆယ်မန်ခန်းကို ကျေးဇူးတင်ပါတယ်။အမီတာဘာဂျမ်းကို မီနိုင်ဖို့ဆိုတာ အိပ်မက်တစ်ခုလိုပါပဲလို့ ရေးသားခဲ့ပါတယ်။ အနေးလ်နဲ့ ဆယ်မန်ခန်းတို့ဟာ ဒါရိုက်တာရီမိုရိုက်ကူးတဲ့ Race 3 ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပြီး အဲဒီဇာတ်ကားကို သောကြာနေ့ကစပြီး ပြသတော့မှာလို့လည်း သိရပါတယ်။

**အီးတိုင်းမ်**




### ခရစ္စဘရောင်းအပေါ် ဂရုစိုက်မှုတွေရှိနေဆဲဖြစ်တဲ့ ရီဟားနား

အဆိုတော် ခရစ္စဘရောင်းဟာပါတီမှာ အမျိုးသမီးတစ်ဦးကို ရိုက်နှက်တယ်လို့ စွပ်စွဲခံထားရပါတယ်။ အဲဒီအမျိုးသမီးရဲ့နာမည်ကတော့ ကတ်ဆန်ဒါပဲဖြစ်တယ်။ လော့စ်အိန်ဂျလိစ်မြို့မှာ ပြုလုပ်တဲ့ပါတီပွဲမှာ ခရစ္စဘရောင်းက သူ့ကိုရိုက်နှက်ခဲ့တယ်လို့ စွပ်စွဲခဲ့တာပဲဖြစ်တယ်။ ခရစ္စဘရောင်းဟာ မေလအတွင်းကလည်း အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတွေ ပြုလုပ်ခဲ့တယ်ဆိုတဲ့စွဲချက်တွေလည်း ရှိနေပါသေးတယ်။ ခရစ္စဘရောင်းရဲ့အချစ်ဟောင်းဖြစ်တဲ့ အဆိုတော် ရီဟားနားကတော့ ခရစ္စဘရောင်းတစ်ယောက် ဒီပြဿနာတွေကို အဆင်ပြေပြေနဲ့ကျော်လွှားနိုင်ဖို့ မျှော်လင့်လျက်ရှိတယ်လို့ သူနဲ့ရင်းနှီးသူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ရီဟားနားဟာ ခရစ္စဘရောင်းနဲ့ပတ်သက်တဲ့ သတင်းဆိုးတွေ ကြားရတာကို စိတ်ရှုပ်နေတယ်။ ဒီလိုပြဿနာမျိုးတွေ ကြုံတွေ့လာရင် ခရစ္စဘရောင်းဟာ လွယ်လွယ်နဲ့ စွပ်စွဲလို့ရတဲ့ ပစ်မှတ်ဖြစ်နေတယ်။ ဘာလို့ဒီလိုတွေးရတာလဲဆိုတော့ ရီဟားနားဟာ ခရစ္စဘရောင်းကို ဒီလိုလူမျိုးဆိုတာလက်မခံချင်ဘူးဖြစ်နေတာပါလို့ ရင်းနှီးသူတွေက ပြောပါတယ်။ ရီဟားနားဟာ ခရစ္စဘရောင်းနဲ့ လမ်းခွဲခဲ့ပြီးဖြစ်ပေမယ့် အခုအချိန်ထိ ခရစ္စကိုဂရုစိုက်ဆဲပါပဲ။ ဒီလိုမျိုးစွပ်စွဲမှုတွေကြားတိုင်း ရီဟားနားစိတ်ထိခိုက်ရပါတယ်။ ခရစ္စဘရောင်းနဲ့ပြန်ပြီးလက်မတွဲတော့ပေမယ့် သူ့ဘဝလေး အေးအေးချမ်းချမ်းရှိနေတာကိုပဲ မြင်ချင်တယ်လို့ ရီဟားနားနဲ့ရင်းနှီးသူတွေက ပြောပါတယ်။ ရီဟားနားနဲ့ ခရစ္စဘရောင်းတို့ဟာ ၂၀၀၅ ခုနှစ်ကတည်းက အချင်းချင်းသိခဲ့ကြတာဖြစ်ပြီး ၂၀၀၈ ခုနှစ်ကျမှ လူသိရှင်ကြားတွဲခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ၂၀၀၉ ခုနှစ်မှာ ခရစ္စဘရောင်းရဲ့ ရိုက်နှက်မှုတွေကြောင့် လမ်းခွဲခဲ့ကြပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**

ဖြိုး






# စာသုံး ‘မှ’ ၊ အပြောသုံး ‘မှ’

**မောင်ခင်မင်(ဓနုဖြူ)**

“ကဲ ‘မှ’ အသုံးမှားတဲ့ အမှားတော်ပုံသမိုင်းကို ဆက်ပြောကြဦးစို့၊ တကယ်တော့ အဲဒီငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ‘ဗိုလ်ဘယ်သူမှ’၊ ‘ရဲဘော်ဘယ်သူမှ’ ဆိုတဲ့ အသုံးမှားတွေကို ရေဒီယိုမှာစကြားရတာ ၁၉၆၃ ခုနှစ် ကတည်းကပဲကွဲ့”

“ဩော်၊ ဟုတ်ကဲ့”

“ဘဘက ၁၉၆၃ ခုနှစ် လောက်ကစပြီး အဲဒီအသုံးတွေ တွင်ကျယ်လာတယ်လို့ ပြောတာက အဲဒီငြိမ်းချမ်းရေးဆွေးနွေးပွဲ မှတ်တမ်းစာအုပ်က ၁၉၆၃ ခုနှစ်မှာ ထွက်လာပြီး ပျံ့နှံ့သွားတာကြောင့် ပြောတာပါ”

“ဟုတ်ကဲ့ပါ”

“ဒီမှတ်တမ်းထဲမှာ အဲဒီအဖွဲ့အစည်းတွေက ထုတ်တဲ့စာတွေလည်းပါတယ်၊ အဲဒီစာတွေမှာလည်း ‘မှ’ကို ထပ်တလဲလဲသုံးထားတော့ လိုက်သုံးကြရာက ‘မှ’ အသုံးမှားတွေ ပျံ့နှံ့သွားတာပါပဲကွယ်”

“ဘယ်သူတွေ က လိုက်သုံးကြတာလဲ ဘဘ”

“ဘယ်သူတွေလိုက်သုံးတယ်လို့ နာမည်တပ်ပြီးပြောဖို့တော့မလွယ်ဘူးပေါ့၊ ဘဘတို့နဲ့ ခင်မင်တဲ့မိတ်ဆွေတွေထဲမှာ စစ်မှုထမ်းတွေရှိနေလို့သိရတာက အဲဒီ ‘မှ’ အသုံးကို တပ်တွေမှာလည်း တော်တော်တွင်တွင်ကျယ်ကျယ် သုံးလာကြတယ်လို့ သိရတာပဲ”

“ဟုတ်ကဲ့ပါ”

“နောက်တော့ စာရေးရာမှာရော၊ အခမ်းအနားတွေမှာ ကြေညာရာမှာရော၊ ရေဒီယိုက သတင်းကြေညာရာမှာရော ‘ဘယ်သူမှ’၊ ‘ဘယ်ဝါမှ’ ဆိုတဲ့ အသုံးတွေ မြင်ရကြားရတာပါပဲကွယ်”

“ဟုတ်တယ်နော် ဘဘ၊ အခမ်းအနားတွေမှာ အခမ်းအနားမှူးတွေက အစီအစဉ်ကြေညာရင် ‘သဘာပတိကြီးမှ အမှာစကား ပြောကြားပေးပါရန်’တို့၊ ‘ဥက္ကဋ္ဌကြီးမှ ဆုချီးမြှင့်ပေးပါရန်’ တို့ ခဏခဏကြားရပါတယ်”

“အံ့သြစရာကောင်းတာက ပုံမှန်စကားရိုးရိုးပြောရင် ပြုလုပ်သူကို ညွှန်းတဲ့အခါ ‘မှ’လို့ဘယ်သူမှ မပြောကြပေမယ့် အစည်းအဝေးတွေ၊ အခမ်းအနားတွေကျမှ ‘မှ’ လို့ပြောကြတာ တမင်လုပ်ပြောသလို ဖြစ်နေတာပေါ့”

“ဟုတ်တယ် ဘဘ”

“သမီးစဉ်းစားကြည့်လေ၊ သမီးက ဘဘကိုပြောရင် ‘သမီးမေမေက မှာလိုက်ပါတယ်’ ဆိုတာမျိုး ပြောမှာပေါ့၊ ‘သမီးမေမေမှ မှာလိုက်ပါတယ်’ လို့ ဘယ်ပြောပါ့မလဲ”

“ဟုတ်ပါတယ် ဘဘ”

“နေ့တိုင်းစကားပြောရာမှာ ဘာဖြစ်လို့ ‘မှ’ ကို မသုံးတာလဲဆိုတာ သမီးသတိထားမိမှာပေါ့”

“ဟုတ်ကဲ့ ‘မှ’ ဆိုတာ စာသံပေသံနဲ့ ရေးတဲ့အခါမှာသာ သုံးပါတယ် ဘဘ၊ အပြောမှာဆိုရင်တော့ ‘က’ ပဲသုံးတာပါ၊ ဒါကြောင့် စာမှာပဲ သုံးတဲ့ ‘မှ’ ကို အပြောမှာ ထည့်မသုံးတာပါ”

“အေး… ရေဒီယိုတို့၊ တီဗွီတို့ နားထောင်ကြည့်စမ်းပါ၊ အထူးသဖြင့် သတင်းကြေညာရင် စကားပြောတဲ့ ဟန်မျိုးနဲ့ ကြေညာတာပဲလေ၊ ဒါပေမယ့် စကားပြောရာမှာ မသုံးတဲ့ ‘မှ’တွေကို ထပ်တလဲလဲ ထည့်ပြောနေတာ မကြားချင်မှ အဆုံးပါပဲကွယ်”

“သမီးသတိထားမိပါတယ် ဘဘ”

“နိုင်ငံတော်အဆင့် အခမ်းအနားတွေမှာတောင် အဲဒီ ‘မှ’တွေ ကြားနေရတာ ဘဘ ရေးပြီးပါပြီ၊ အရင်လွှတ်တော်တုန်းက လွှတ်တော်ကိုယ်စားလှယ်ရဲ့အမေးကို သက်ဆိုင်ရာဌာနက တာဝန်ရှိပုဂ္ဂိုလ်က ပြန်ဖြေတာ၊ ဘယ်လိုအစချီတယ် ထင်သလဲ”

“လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ကျွန်တော်ဒုတိယဝန်ကြီးဦးဘယ်သူမှ ပြန်လည်ဖြေကြားပါ့မယ်… တဲ့၊ ‘အား’ ရော၊ ‘မှ’ရော ပုံမှန်စကားပြောတဲ့အခါ ထည့်မသုံးတဲ့စကားတွေလေ”

“‘မေးခွန်းကို ကျွန်တော်က ပြန်လည်ဖြေကြားပါ့မယ်’ လို့ပဲ ပြောရမှာပေါ့နော် ဘဘ”

“ဟုတ်တယ်လေ၊ ပုံမှန်စကားပြောရင် အဲဒီလိုပဲ ပြောမှာပေါ့၊ ခုတော့ ဘယ်သူမှ မပြောတဲ့ မြန်မာစကားမျိုးကို သုံးပြီး လွှတ်တော်ထဲမှာ ပြောနေတာ၊ တမင်လုပ်ပြောနေသလိုပဲလေ”

“အဲဒီ ‘မှ’ တို့၊ ‘အား’ တို့ ထည့်ပြောမှ ခံ့ခံ့ညားညားရှိတယ်လို့ ထင်လို့လားမသိဘူးနော် ဘဘ”

“မပြောတတ်ပါဘူးကွယ်၊ မှားမှန်းမသိလို့ ပြောတာလား၊ တမင်ပြောတာလားလို့ စဉ်းစားစရာဖြစ်နေတယ်လေ”

“ဟုတ်ကဲ့”

“တစ်ခါက ဘဘသင်တန်းတစ်ခုမှာ အဲဒီအကြောင်းဆွေးနွေးတော့ အသံလွင့်နေတဲ့ မိန်းကလေးတစ်ယောက်က ထပြောတယ်၊ သမီးက ‘မှ’ တို့၊ ‘အား’ တို့ သုံးရင် ခံ့ခံ့ညားညားရှိတယ်ထင်လို့ သုံးမိတာပါ၊ အသုံးမှားနေမှန်း ခုမှသိရပါတယ်တဲ့”

“ဟုတ်ကဲ့ပါ”

“အခမ်းအနားတွေမှာတော့ အရင်ကလောက် ‘မှ’ကို အသုံးမများတော့ဘူး ထင်တာပဲ၊ ‘က’ လို့ ပြင်သုံးတာတွေ တော်တော်များများကြားရတယ်၊ လုံးလုံးတော့ မပျောက်သေးဘူး၊ ဒါပေမယ့် တချို့သတင်းစာ၊ ဂျာနယ်တွေမှာတော့ ခုထိ ‘မှ’ တွေ အများကြီး တွေ့နေရတုန်းပဲ၊ ထင်ရှားတဲ့ ဂျာနယ်တချို့ဆိုရင် ‘မှ’ ကို တမင်သုံးနေပုံရတယ်”

“ဘဘ၊ ရေဒီယိုတွေ၊ တီဗွီတွေမှာ ကြေညာသူတွေက ‘မှ’ သုံးလိုက်၊ ‘က’သုံးလိုက် အလဲအလှယ်သုံးတာလည်း ကြားရပါတယ်၊ နှစ်ခုစလုံးမှန်တယ်လို့ ယူဆလို့လားမသိဘူးနော်”

“တချို့ကတော့ ခေါက်ရိုးကျိုးနေလို့ မှားမှန်းသိပေမယ့် ပြင်လို့မရတာဖြစ်နိုင်ပါတယ် သမီးရယ်”

“ဟုတ်ကဲ့”

“အရေးကြီးတာက မြန်မာစကားကို မြန်မာတွေကတောင် မှန်မှန်ကန်ကန် မပြောနိုင်၊ မရေးနိုင်ဘဲ တိမ်းချော်မှားယွင်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်နေတာ မကောင်းဘူးပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ၊ သမီးတို့ တွေ့ရတဲ့ အဓိကပြဿနာက ‘က’ သုံးရမယ့်နေရာမှာ ‘မှ’ ကို မှားသုံးတဲ့ ပြဿနာပဲဆိုတာ သဘောပေါက်ပါပြီ၊ အခုဆက်ပြီး ‘မှ’ကို ဘယ်လိုသုံးရင် မှန်တယ်ဆိုတဲ့ အသုံးမှန်တွေလည်း ပြည့်ပြည့်စုံစုံသိချင်ပါတယ် ဘဘ”

“အေး… ပြောကြတာပေါ့၊ ပထမဆုံးအရေးကြီးတဲ့အချက်က အခုမှား သုံးနေကြတဲ့ ‘မှ’ အသုံးဟာ စာသုံးသာဖြစ်တယ်၊ အပြောမှာ မသုံးဘူးဆိုတဲ့အချက်ပဲ”

“ဟုတ်ကဲ့… ဒါဆိုရင် အခမ်းအနားတို့၊ အသံလွှင့်ကြေညာတာတို့လို စကားပြောနေတဲ့ပုံစံနဲ့ ပြောတဲ့အခါ ‘မှ’ ကို လုံးဝမသုံးရဘူး၊ သုံးရင် မှားတယ်လို့ ဆိုနိုင်တာပေါ့”

“ဟုတ်တယ်၊ အဲဒီလို စကားပြောတဲ့ ပုံစံနဲ့သုံးရင် ‘မှ’ မသုံးဘဲ ‘က’ကို သုံးမှ မှန်တယ်လို့ မှတ်ထားဖို့ပါပဲ”

“ဒါဆို အသံလွှင့်တဲ့သူတွေ၊ ကြေညာတဲ့သူတွေရဲ့ပါးစပ်ထဲက ‘မှ’ကို ထုတ်ပစ်လိုက်ဖို့ လိုတာပေါ့နော်”

“ဟုတ်ပ့ါ၊ ဟုတ်ပ့ါ၊ စာရေးရာမှာလည်း ပြုလုပ်သူကို ဖော်ပြရင် ‘က’ကိုပဲ တစ်သမတ်တည်း သုံးလို့ရပါတယ်၊ ‘သည်’ တို့ ‘မှာ’ တို့ သုံးလည်းရပါတယ်၊ ‘မှ’ ကိုတော့ မသုံးသင့်ဘူး၊ သုံးရင် မှားတယ်လို့ နားလည်ထားရမှာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီ ‘မှ’ က ထွက်ခွာတဲ့အဓိပ္ပာယ်လို့ ခြုံပြီးပြောလို့ရပါတယ်၊ ထွက်ခွာတယ်ဆိုတာ တစ်နေရာရာကနေ ရွေ့သွားတဲ့ အဓိပ္ပာယ်ပေါ့၊ ‘အိမ်မှ ထွက်လာသည်၊ မန္တလေးမှ ပြန်လာသည်’ ဆိုရင် ထွက်လာတဲ့နေရာကို ပြတာပေါ့”

“ဟုတ်ကဲ့”

> ◆ **“ပထမဆုံးအရေးကြီးတဲ့အချက်က အခုမှား သုံးနေကြတဲ့ ‘မှ’ အသုံးဟာ စာသုံးသာဖြစ်တယ်၊ အပြောမှာ မသုံးဘူးဆိုတဲ့ အချက်ပဲ”**
>
> ◆ **“ဟုတ်ကဲ့… ဒါဆိုရင် အခမ်းအနားတို့၊ အသံလွှင့်ကြေညာတာတို့လို စကားပြောနေတဲ့ပုံစံနဲ့ ပြောတဲ့အခါ ‘မှ’ ကို လုံးဝမသုံးရဘူး၊ သုံးရင် မှားတယ်လို့ ဆိုနိုင်တာပေါ့”**
>
> ◆ **“ဟုတ်တယ်၊ အဲဒီလို စကားပြောတဲ့ ပုံစံနဲ့သုံးရင် ‘မှ’ မသုံးဘဲ ‘က’ကို သုံးမှ မှန်တယ်လို့ မှတ်ထားဖို့ပါပဲ”**

“အဲဒီလိုပဲ၊ ‘မန္တလေးမှ ရန်ကုန်အထိ၊ မနက် ၉ နာရီမှ ၁၂ နာရီအထိ’ ဆိုရင်လည်း ‘မှ’ ဟာ စတဲ့နေရာကနေ အဆုံးရောက်အောင် ရွေ့သွားတဲ့ နေရာတို့၊ အချိန်တို့ကို ပြတာလေ၊ နေရာပဲဖြစ်ဖြစ်၊ အချိန်ပဲဖြစ်ဖြစ် ရွေ့သွားတဲ့သဘောပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ ‘အခန်းထဲမှ စာအုပ်များကို အပြင်သို့ ထုတ်သည်’ဆိုတာမျိုးသုံးရင် စာအုပ်တွေ ရွေ့သွားတဲ့ အဓိပ္ပာယ်ပေါ့၊ ‘မော်လမြိုင်မှ ဧည့်သည်များ ရောက်လာသည်၊ အင်္ဂလန်မှ ပညာရှင်များ’ ဆိုတဲ့ အသုံးတွေမှာလည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ မူလနေရာက ရွေ့လာတဲ့အဓိပ္ပာယ်ပဲလေ”

“ဟုတ်ကဲ့ပါ”

“အဲဒီ ‘မှ’ တွေအားလုံးက စာသုံးတွေချည်းပဲနော်၊ အဲဒါကို စကားပြောသလို သုံးရင်တော့ ‘မှ’နေရာမှာ ‘က’ ပြောင်းသုံးရမှာ ချည်းပဲ”

“‘မန္တလေးက ရန်ကုန်အထိ၊ မနက် ၉ နာရီက ၁၂ နာရီအထိ’၊ ‘မော်လမြိုင်က ဧည့်သည်တွေ၊ အင်္ဂလန်က ပညာရှင်တွေ’ လို့ သုံးမှ အပြောပီသမှာပေါ့၊ အပြောစကားမှာ ‘မှ’တွေ ထည့်သုံးရင် စာသုံးစကားကြီး ကန့်လန့် ကန့်လန့်ဝင်ရှုပ်သလို ဖြစ်မှာပေါ့”

“နားလည်ပါပြီ ဘဘ”

“ကဲ… ‘မှ’ ကို စာသုံးမှာရော အပြောသုံးမှာရော သုံးနိုင်တဲ့ အသုံးတစ်ခုရှိတယ်၊ အကန့်အသတ်လုပ်တဲ့ အဓိပ္ပာယ်ပေါ့၊ ‘သူလာမှ ငါသွားမည်’ လို့ သုံးနိုင်သလို ‘သူလာမှ ငါသွားမယ်’ လို့လည်း သုံးနိုင်တယ်၊ ‘နှစ်ပေါင်းများစွာကြာမှ ထိုအကြောင်းကို သိသည်’ လို့ စာစကားနဲ့ ရေးသလို၊ ‘အဖေမန္တလေးက ပြန်လာမှ ကျွန်တော် ခရီးထွက်မယ်’ လို့ အပြောစကားနဲ့ ပြောလို့ရပါတယ်၊ ‘ဘယ်သူမှ မဝင်ရ’ ဆိုတာမျိုးလည်း အပြောစကားမှာ သုံးပါတယ်၊ ထွက်ခွာတဲ့ ‘မှ’တွေကတော့ အားလုံးစာသုံးချည်းပဲ၊ အပြောမှာ မသုံးဘူးလို့ မှတ်ထားဖို့ပါပဲကွယ်”။

# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတဝှမ်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook

Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe
Ph : 09 799145081, 09788343331

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကြေညာချက်

၁။ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းတိုးရန် တစ်နှစ်နှင့်အထက် ပျက်ကွက်လျက်ရှိသော ရေယာဉ်များအား ၁-၉-၂၀၁၈ရက်မှစတင်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးခံရေယာဉ်စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

၂။ ယင်းသို့ ပယ်ဖျက်ပြီးပါက ရေယာဉ်မှတ်ပုံတင်စာရင်းမှ တစ်ပါတည်း ပယ်ဖျက်ပြီးဖြစ်ပါသဖြင့် ရေယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့ပိုင်ရေယာဉ်၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းမကျော်လွန်မီ သတ်မှတ်ကာလအတွင်း အချိန်မီ သက်တမ်းတိုးဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနရှိ လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် အောက်ပါစက်ယာဉ်ယန္တရားများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | DumpTruck | (၁၅) စီး |
| (ခ) | Three Wheel Road Roller | (၁၀) စီး |
| (ဂ) | Motor Grader | (၃) စီး |
| (ဃ) | Truck Crane (5 Tons) | (၁) စီး |

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၅-၆-၂၀၁၈ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၇-၂၀၁၈ရက်

၄။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/ အချိန်/နေရာ** - ၁၂-၇-၂၀၁၈ရက် ၁၀း၀၀နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၆၃-၂၀၂၃၀၁၈၊ ၀၆၃-၂၀၂၅၁၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### အမည်မှန်

နမ့်ခမ်းမြို့နယ်၊ နောင်စန့် ရပ်ကွက်တွင် နေထိုင်သော (ဘ) ဦးကျော်သိန်း၏သမီး နန်းအေနွမ်ခမ်း၏အမည်မှန်မှာ နန်းနွမ်ခမ်း ၁၃/နခန (နိုင်)၀၄၉၆၇၁ ဖြစ်ကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ရွာထောင် ကျေးရွာ၊ မူလွန်ကျောင်း သတ္တမ တန်းမှ မောင်ဇော်ထက်၏ ဖခင် အမည်မှန်မှာ ဦးငြိမ်းငြိမ်း ၅/ဟမလ (နိုင်)၀၄၅၃၃၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မန့်ဝိန်းကြီး ကျေးရွာတွင် နေထိုင်သော မမွေ ဖောင်ခမ်း (အဋ္ဌမတန်း၊အထက ၂)၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၅/ အတန(နိုင်)၀၀၂၇၃၁ ဖြစ်ကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁)အလုံ၊ န၀မတန်း (A)မှ မသက်မွန်အေး၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၅/ ပလန(နိုင်)၀၀၀၃၈၄ ဖြစ်ပါ ကြောင်း။

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ ကုန်းဆာကျေးရွာ တွင်နေထိုင်သော စိုင်းဆိုင်ကောင်ခမ်း (ဒုတိယတန်း၊ အမက၊ ကုန်းဆာ)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်ပု ၁၃/ နခန(နိုင်)၀၅၀၃၁၅ ဖြစ်ကြောင်း။

### ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ အထက Grade 9 မှ မခိုင်ဇာသင်း၏ ဖခင် အမည်မှန်မှာ ဦးကျော်စန်းဝင်း ၅/ယမပ(နိုင်)၀၄၃၄၆၀ ဖြစ်ပါ ကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မော်လမြိုင်ခရိုင်တရားရုံး ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၂

ဒေါ်ကျင်လှ **နှင့်** ၁။ မရွှေဇင်လှိုင်
၂။ မနွေးထွေးလှိုင်
၃။ မနှင်းနွယ်
၄။ မမိချို
(ကွယ်လွန်သူ ဒေါ်တင်တင်လှိုင်၏ တရားဝင်ကိုယ်စားလှယ်များ)

**တရားလို** **တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ အတွင်းဘုတ်ပြင်ကျေးရွာနေ မနွေးထွေးလှိုင်၊ မနှင်းနွယ်နှင့် မမိချို(ကွယ်လွန်သူဒေါ်တင်တင်လှိုင်၏ တရားဝင်ကိုယ်စားလှယ်များ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဇွန် ၂၆ရက်( ၁၃၈၀ပြည့်နှစ်၊ ပထမ ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသား ပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
ခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး

## DMJF,JICPA နှင့် MICPA တို့ပူးပေါင်း၍ "Capital Market Training Program" သင်တန်းအတွက်

## သင်တန်းသားခေါ်ယူခြင်း

DMJF,JICPA နှင့် MICPA တို့ပူးပေါင်း၍"Capital Market Training Program"သင်တန်းကို တစ်လလျှင် နှစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရန်ကုန်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသည့် MICPA အသင်းသားများသည် ၆-၇-၂၀၁၈ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ရန်ကုန်မြို့၊အလုံမြို့နယ်၊သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ရှိ MICPA ရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ myanmar. micpa@gmail.com သို့ဖြစ်စေ အချိန်မီလျှောက်ထားကြရန် အကြောင်းကြားပါသည်။ လျှောက်ထားရန်အတွက် လိုအပ်သည့် အချက်အလက်များအသေးစိတ်သိရှိလိုပါက လိပ်စာပါ MICPAအသင်းရုံး ဖုန်း-၀၉-၃၁၇၁၈၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)**

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)မင်းတန်းကျောင်း သတ္တမတန်းမှ မမေဇင်ဦး၏ မိဘအမည်မှန်မှာ ဦးလှဝင်း ၁၀/ပမန(နိုင်)၁၄၈၀၈၂နှင့် ဒေါ်မေမြင့်ရီ ၁၀/ခဆန(နိုင်) ၀၆၈၈၇၃ ဖြစ်ပါသည်။

**ဦးလှဝင်း-ဒေါ်မေမြင့်ရီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ သရဖီလမ်းနေ (ဘ)ဦးလှစိန်၏သား ဦးလှသိန်း(ခ)ဦးနိုင်နိုင် ၁၄/မမန(နိုင်)၀၀၃၅၆၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးလှသိန်း(ခ)ဦးနိုင်နိုင်**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက-နတ်ကြီးချောင်ကျောင်း န၀မတန်းမှ မအေးအေးသင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၀/ခဆန(နိုင်)၁၄၆၆၇၁ ဖြစ်ပါသည်။ **ဦးသန်းဇော်**

### အမည်ပြောင်း

ဦးနိုင်ဝင်းကျော် ၁၂/တကန(နိုင်)၀၀၄၅၇၈၏သား ပျဉ်းမနားမြို့၊ ပညာပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊သတ္တမတန်းမှ မောင်ဇေယျာနိုင်အား မောင်သုတနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက-နတ်ကြီးချောင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေဦး ၁၀/ပမန(နိုင်)၁၆၄၅၄၁ ဖြစ်ပါသည်။ **ဦးအောင်ရွှေဦး**

### ဖခင်အမည်မှန်

လယ်ဝေးမြို့နယ် ဝက်ပုပ်ရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၉/လဝန(နိုင်) ၂၁၁၆၁၁ ဖြစ်ပါကြောင်း။

## မော်လမြိုင်ကျွန်းမြို့၊ (၉)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၆)နေ ဦးစိုးမြင့်ခိုင်(ဘ)ဦးတင်အုန်းနှင့် အများသိစေရန်ကြေညာခြင်း




ကျွန်မတို့၏အမှုသည် ကိုဇင်မင်းကိုကို(ဘ)ဦးဝင်းဇော် (နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားဆဲ) မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ရန်ကုန်) ၏ အဖွဲ့ဝင်အမှတ် ၄၇၈၈၈၊ အမှတ် ၅၉/ခ၊ တပ်ကွင်းလမ်း၊ (၁၃)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကိုဇင်မင်းကိုကိုသည် ၂၀၁၄ခုနှစ်တွင် မော်လမြိုင်ကျွန်းမြို့၊ (၁၃)ရပ်ကွက်၊ သခင်မြလမ်းနေ ဦးအောင်ဖြိုးတည်ထောင်သော ဆိုင်းဝိုင်းတွင် 'ညီညီဇော်' အမည်ဖြင့် ဆိုင်းဝိုင်းခေါင်းဆောင်အဖြစ် လုပ်ငန်းလုပ်ကိုင်ခဲ့ရာ အောင်မြင်မှုနည်းပါ၍ ဆိုင်းဝိုင်းခေါင်းဆောင်အမည် 'ညီညီဇော်' နှင့် ဦးအောင်ဖြိုးတို့ညှိနှိုင်း၍ အဖွဲ့အား ဖျက်သိမ်းခဲ့သည်။

၂၀၁၅ခုနှစ်တွင် ယခုကြေညာသူ 'ကိုဇင်မင်းကိုကို' သည်...ဦးစိုးမြင့်ခိုင် တည်ထောင်သော 'ကျော်ထက်ဖိုလ်' ဆိုင်းအဖွဲ့၌ လက်ထောက်ဆိုင်းဝိုင်း ခေါင်းဆောင်အဖြစ် လုပ်ကိုင်ခဲ့သည်။

